**စက်မှုလက်မှု နှင့်အလုပ်သမားဌာန။**

**သတ္တုဌာနခွဲ။**

**(သတ္တုရှာဖွေမှုအခွင့်အရေးဆိုင်ရာ နည်းဥပဒေများ။)**

**ပြန်တမ်း။**

**အမှတ် ၁၈၅**

**ရန်ကုန်မြို့၊ ၁၉၄၇ ခု၊ ဒီဇင်ဘာလ ၂၉ ရက်။**

အမှတ် ၁၈၅။ ။ သတ္တုရှာဖွေမှု အခွင့်အရေးဆိုင်ရာ နည်းဥပဒေများကို အများသိစိမ့်သောငှါ ထုတ်ပြန်ကျေညာလိုက်သည်။

**သတ္တုရှာဖွေမှုအခွင့်အရေးဆိုင်ရာ နည်းဥပဒေများ။**

**အပိုင်း ၁။ ။ အထွေထွေ။**

၁။ ။ အောက်ပါနည်းဥပဒေတို့တွင်-

"လုပ်ပိုင်ခွင့်မြေ" ဆိုသည်မှာ၊ သီးသန့် သတ်မှတ်ထားသည့် သတ္တုတွင်းမြေအတွင်း တွင်တည်ရှိ၍၊ နည်းဥပဒေ ၇၂ အရ၊ မှတ်တိုင်စိုက်ထားသော စတုရန်းမြေကိုခေါ်သည်။

"လုပ်ပိုင်ခွင့်ရှိမြေရသူ" ဆိုသည်မှာ၊ လုပ်ပိုင်ခွင့် မြေရရှိကြောင်းကို၊ နည်းဥပဒေ ၇၄ အရ၊ စာရင်းမှတ်ပုံတင်ပြီး ဖြစ်သည့်ပြင်၊ ထိုကဲ့သို့ မှတ်ပုံတင်ခြင်းမပျက်စီးသေးသူကို ခေါ်သည်။

"ကော်လိတ်တော်" ဆိုသည်မှာ၊ ဒိစတြိတ်ခေါ်စီရင်စုနယ်ကိုအုပ်ချုပ် သောအခွန်တော် အရာရှိကိုခေါ် သည်။

"ခရိုင်ဝန်ရှင်တော်မင်းကြီး" ဆိုရာတွင်၊ တောင်တန်းဒေသဆိုင်ရာ မင်းကြီးလည်းပါဝင်လေသည်။

"စက်ဝိုင်းလိုက်ဆင်" ဆိုသည်မှာ၊ နည်းဥပဒေ ၆၂ အရ၊ ထုတ်ပေးသည့် စက်ဝိုင်းပုံသဏ္ဍာန်လိုက် ဆင်အပြားကိုခေါ်သည်။

"လိုက်ဆင်" ဆိုရာတွင်၊ ဤဥပဒေများ၌ အပိုင်း ၃ နှင့် အခြားနေရာများ တွင်စာသွားအလိုက် အဓိပ္ပါယ် တမျိုးနှင့်သုံးစွဲထားရာမှ တပါးစက်ဝိုင်းလိုက်ဆင်လည်း ပါဝင်သည်။

"လိုက်ဆင်ရသူ" ဆိုရာတွင်၊ စာသွားအလိုက် အဓိပ္ပါယ်တမျိုးနှင့် သုံးစွဲထားရာမှတပါး၊ လုပ်ပိုင်ခွင့်မြေ ရရှိသူလည်းပါဝင်လေသည်။

"သတ္တု" ဆိုသည်မှာ၊ အောက်ပါသတ္တုများမှတပါး အခြားတွင်းထွက်သတ္တုကိုခေါ် သည်။ ရေနံ၊ မြေထွက်ဓါတ်ငွေ့၊ အထက်မြန်မာပြည် ပတ္တမြားရက်ဂူ လေရှင်းဥပဒေအရ၊ ကြော်ငြာထားသည့် ဒေသမှ ထွက်သော ကျောက်မျက်ရတနာများ၊ ကျောက်စိမ်း၊ ဂျေ့ဒိုက်ခေါ်ကျောက်စိမ်းတမျိုး၊ သီးသန့်ထားသည့် သစ်တောမြေမှ ထွက်သောပယင်း၊ အိမ်ဆောက်ရန် တူးဖေါ်သည့်ကျောက်၊ လမ်းခင်းရန်တူးဖေါ်သည့် ကျောက်၊ ဂျစ်(ပ) ဆမ်းခေါ် ထုံးခြောက်မြေဖြူ တမျိုး၊ ကျောက်စရစ် ထုံးခြောက်၊ ကျောက်ခဲ၊ ကန့်ကူဆံ၊ သဲကျောက်၊ စကျင်ကျောက် (အီတာလျံကျောက်) ရွှံ့စေး၊ (ဤတွင်ပန်းကန်လုပ်သောရွှံ့စေးလည်းပါဝင် သည်) နှင့် (ခ) စာရင်းတွင်မပါဝင် သောသတ္တုအသေးအဖွဲ။

Myanmar Law Information System (MLIS)

"လူတဦးတယောက်သို့မဟုတ် ရရှိသူ" ဆိုသည်မှာ၊ ပုဂ္ဂိုလ်တဦးတယောက် ကိုဆိုလိုသည်သာမက၊ မြန်မာပြည်၊ အိန္ဒိယပြည်၊ ယူနိုက်တက် ကင်းဒမ်းခေါ် ဗြိတိန်နိုင်ငံနှင့်ဗြိတိသျှဒိုမီနီယံ၊ ဗြိတိသျှကိုလိုနီ တခုခုတွင်၊ မှတ်ပုံစာရင်းတင်သွင်း ထား၍အာဏာလွှဲအပ် ထားသောကိုယ်စားလှယ် တဦးတယောက် မြန်မာပြည်၌ နေထိုင်လျက်ရှိသော ကုမ္ပဏီဖြစ်စေ၊ ဆင်ဒီကိတ်အဖွဲ့ဖြစ်စေ၊ တွဲဘက်အစုစပ် ဖြစ်စေ၊ မြန်မာပြည်တွင် တဦးဖြစ်စေ၊ တဦးထက်ပိုမို၍ဖြစ်စေ၊ နေထိုင်လျက်ရှိသော၊ သို့မဟုတ် အာဏာလွှဲအပ် ထားသည့် ကိုယ်စားလှယ် တဦးတယောက်နေထိုင်လျက်ရှိသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီတို့ လည်း ပါဝင်လေသည်။

"ရှာဖွေ" ဆိုသည်မှာ၊ သတ္တုများကို ရှာဖွေရာဝယ်၊ မြေ၌ရှာဖွေလိုသော သတ္တုရှိမရှိ ကိုသိနိုင်လောက် အောင်၊ စမ်းသပ်ခြင်းလည်းပါဝင် လေသည်။

"စာရင်း" ဆိုသည်မှာ၊ ဤနည်းဥပဒေများ၌ နောက်ဆက်တွဲ ပြထားသောစာရင်းတို့ကိုဆိုသည်။

"သီးသန့်သတ်မှတ်ထား သည့်သတ္တုတွင်းမြေ" ဆိုသည်မှာ၊ နည်းဥပဒေ ၆၁ အရ၊ ကြော်ငြာ၍ထား သောဒေသရပ်ကွက်ကို ခေါ်သည်။

၂။ ။ဤနည်းဥပဒေများ အရ၊ ပြုလုပ်ဆောင်ရွက်ပိုင်ခွင့် အာဏာ အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကို ဖြစ်စေ၊ ဘုရင်ခံ သည်ဘဏ္ဍာတော်မင်းကြီးအား၊ လွှဲအပ်ပိုင်ခွင့် ရှိသည်။

၃။ ။ ကော်လိတ်တော် အရာရှိကဖြစ်စေ၊ သစ်တောအရေးပိုင်က ဖြစ်စေ၊ ချမှတ်ထားသော အမိန့်ကိုဘုရင်ခံ မင်းမြတ်က အစိုးရဂေဇက်တွင်၊ကြော်ငြာ၍ သတ်မှတ်သောနည်းလမ်း အာဏာအရ၊ အယူခံပိုင်ခွင့် နှင့်ပြန်လည်စစ်ဆေး စောကြောခွင့်ရှိစေရမည်။

၄။ ။အစိုးရပိုင်မြေဖြစ်၍ လွတ်လည်းလွတ်လပ်၊ သီးသန့် ထားခြင်းလည်းမရှိသောမြေ၊ အပေါ်ယံတွင် လွတ်လပ်စွာရှာဖွေနိုင်သည်၊ အမိန့်တောင်းရန်မလိုချေ။ မလွတ်လပ်သည့် မြေပေါ်တွင်မူကား၊ လက်ရှိပိုင် ဆိုင်သူ၊ သို့မဟုတ် လုပ်ကိုင်သူ၏သဘောတူညီ ချက်ရမှဖြစ်စေ၊ လက်ရှိဥပဒေ စည်းကမ်းအရဖြစ်စေ သာလျှင်၊မြေ၏အပေါ်ယံ တွင်ရှာဖွေနိုင်သည်။

ဤနည်းဥပဒေအရ ခွင့်ပြုရာဝယ်၊ မြေပေါ်ရှိမြေတို့၏ နမူနာမြေပေါ်တွင်၊ ပေါ်၍နေသောကျောက်တုံး ကျောက်ခဲများကို စုဆောင်းစစ်ဆေးခြင်းအထိ စမ်းသပ်ပိုင်ခွင့်ရှိ သည်။ တွင်းဝိုင်းတူးခြင်း၊ တွင်းရှည်တူး ခြင်းမှစ၍ အခြားတူးဖေါ်ခြင်းတို့ကို ပြုပိုင်ခွင့်မရှိချေ။

၅။ ။ သတ္တုရှာဖွေ မှုလျှောက်ပိုင်ခွင့် လက်မှတ်၊သတ္တုရှာဖွေ ရန်လိုက်ဆင်၊ စက်ဝိုင်းလိုက်ဆင်၊ သတ္တု တွင်းတူးဖေါ်ရန် ဂရန်ကို ဗြိတိသျှ၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုးကို သာထုတ်ပေးရမည်။ လျှောက် ထားသူမှာကုမ္ပဏီဖြစ် ခဲ့ပါလျှင်၊ အဆိုပါကုမ္ပဏီသည်၊ ဗြိတိသျှ၏ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ အုပ်ချုပ် လုပ်ကိုင်ကြောင်းကို၊ ဘဏ္ဍာတော်မင်းကြီး ကျေနပ် လောက်အောင်သက်သေ တင်ပြနိုင်မှ သာလျှင်၊ ရနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့သော သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်၊ သတ္တုရှာဖွေရန် လိုက်ဆင် နှင့်သတ္တု တူးဖေါ်ရန် ဂရန်ရရှိသူတဦး တယောက်သည်၊ သေခဲ့ပါလျှင်၊ တရားဥပဒေနှင့်အညီ၊ ဆက်ခံပိုင်ခွင့်ရှိ သူတို့က ဆက်လက် အကျိုးခံစားခွင့်ရှိသည်။ သို့သော်ထိုသို့ ဆက်လက်ခံစားခွင့်

Myanmar Law Information System (MLIS)

ရှိသူတို့သည်၊ ဗြိတိသျှ၏ကျေးတော်မျိုး၊ ကျွန်တော်မျိုး ဖြစ်ရမည်။ ကုမ္ပဏီဖြစ်လျှင်၊ ဗြိတိသျှ၏ ကျေး တော်မျိုး၊ ကျွန်တော်မျိုးတို့အုပ်ချုပ်လုပ်ကိုင်ကြောင်းကို ဘဏ္ဍာတော်မင်း ကြီးကျေနပ်အောင် သက်သေ တင်ပြရမည်။

၆။ ။ သတ္တုရှာဖွေရန် လိုက်ဆင်ကိုဖြစ်စေ၊ သတ္တုတူးဖေါ်ရန် ဂရန်ကိုဖြစ်စေ၊ အစိုးရပိုင်ဖြစ်သော သတ္တုတွင်း၊ သို့မဟုတ် သတ္တုများရှိရာ မြေနှင့် စပ်လျဉ်း၍ သာပေးရမည်။

၇။ ။သတ္တုရှာဖွေရန် လိုက်ဆင်လျှောက်လွှာ ဖြစ်စေ၊ သတ္တုတူးဖေါ်ရန် ဂရန်လျှောက်လွှာဖြစ်စေ၊ တင်သွင်းလိုက လျှောက်ထားလိုသော မြေအားလုံး၊ သို့မဟုတ် တစိတ်တဒေသ ရှိရာစီရင် စုနယ်ကော် လိတ်တော်အရာရှိထံ တင်သွင်းရမည်။ သို့သော် အခြားနည်းလမ်းဖြင့် ခွင့်ပြု လိုက ဘုရင်ခံ မင်းမြတ်က ခွင့်ပြုပိုင်ခွင့်ရှိသည်။

၈။ ။ နည်းဥပဒေ ၂၇ ၊၄၃ သို့မဟုတ် ၇၃ အရ၊ တင်သွင်းသော လျှောက်လွှာ ကိုရရှိသော အခါ၊ ကော်လိတ်တော်အရာရှိ၊ သို့မဟုတ် ထိုအရာရှိကအာဏာ လွှဲပြောင်းပေး အပ်သောအရာရှိသည်။ ထိုလျှောက်လွှာရရှိသော နေ့ရက်နှင့်အချိန်နာရီ ကို လျှောက်လွှာပေါ်တွင် မှတ်သားပြီးနောက်၊ ထိုကဲ့သို့ ရရှိသော နေ့ရက်နှင့်အချိန်ကို လျှောက်ထားသူအား၊ ဝန်ခံလက်မှတ်တခုပေးရမည်။

၉ မှ ၁၅ အထိ မရှိ။

## အပိုင်း ၂။ ။ သတ္တုရှာဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ်။

၁၆။ ။သတ္တု ရှာဖွေရန်လိုက်ဆင်ကိုသော်၎င်း၊ သတ္တုတူးဖေါ်ရန် ဂရန်ကိုသော်၎င်း၊ ဘဏ္ဍာတော်မင်းကြီး ထံမှသတ္တုရှာဖွေ မှုလျှောက်ပိုင်ခွင့် လက်မှတ်ရသူကို သာထုတ်ပေးရမည်၊ သို့သော် စက်ဝိုင်းလိုက်ဆင်ရ ရန်လျှောက်ထားသူ တဦးတယောက် တွက်မှာမူ၊သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ရရှိရန်မလိုချေ။

၁၇။ ။ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့်လက်မှတ်မှာ၊ ထုတ်သောနေ့စွဲမှစ၍ အတည်ဖြစ်ပြီးလျှင်၊ ထိုကဲ့သို့ ထုတ်သောနှစ် ဒီဇဘ်ာလ ၃၁ ရက် နေ့ညသန်းခေါင် အချိန်တွင် စေ့ကုန်လေပြီဖြစ်ရာ၊ ထုတ်ပေးသောအချိန် ကာလသည်၊ ထုတ်သည့်နှစ်၏ နောက်ဆုံးသုံးလအတွင်းဖြစ်ခဲ့ပါမူ၊ ရှေ့လာမည့်နှစ် ဒီဇဘ်ာလ ၃၀ ရက်နေ့ အထိ၊ အတည်ဖြစ်စေရမည်။ ထိုလက်မှတ်မျိုးတွင် လူတဦးတယောက်၏ အမည်သာလျှင် ပါရမည့်ပြင်၊ ထိုလက်မှတ်အတွက်ပေးရန် အခငွေမှာ ကျပ် ၅၀ ဖြစ်သည်။ ထိုလက်မှတ်ရရန် လျှောက်ထားသူသည်၊ နည်းဥပဒေ ၁ တွင်ဖေါ်ပြထားသော သတ္တုအားလုံးအတွက် လျှောက်ပိုင်ခွင့်ရှိသည်။

၁၈။ ။ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ကို ခရိုင်ဝန်ရှင်တော် မင်းကြီးက ဆက်လက်ထုတ်ပေးနိုင်သည်။ ထိုကဲ့သို့ ဆက်လက်ပေးရန် လျှောက်လွှာသည် မူလလက်မှတ်စေ့ကုန်သည့်နေ့ရက်မှ တလအတွင်း တွင်တင်သွင်းခဲ့ပါမူ၊ အခငွေ ကျပ် ၁၀ သာပေးဆောင်ရမည်။ ထိုလျှောက်လွှာသည်၊ မူလသတ်မှတ်စေ့ကုန် သည့်နေ့ရက်မှ တလကျော်၍ သုံးလအတွင်းဖြစ်ခဲ့ပါမူ၊ အခငွေ ကျပ် ၅၀ ပေးဆောင်ရမည်။ လက်မှတ်စေ့ကုန်သည့်နေ့မှ ရေတွက်သော်သုံးလကျော်လွန်မှ ဆက်လက်ရရှိရန် လျှောက်ထားခြင်းကို လက်မခံရချေ။ သို့သော် အခငွေ ကျပ် ၅၀ ပေးသွင်းပါက သတ္တုရှာဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ်အသစ်တစောင်ကို ဘဏ္ဍာတော်မင်းကြီးက ထုတ်ပေးနိုင်သည်။ သတ္တုရှာဖွေမှုလျှောက်ထားပိုင်ခွင့်လက်မှတ်ကို ဆက်လက်ပေးရာ၀ယ်၊ မူလလက်မှတ်စေ့ကုန်သည့် နေ့မှသော်၎င်း၊ ထပ်မံဆက်လက်ပေးထားသည့် လက်မှတ်စေ့ကုန်သည့်နေ့မှသော်၎င်း၊ စတင်အတည်ဖြစ်သည်။ သို့သော်နည်းဥပဒေ ၁၁၂

Myanmar Law Information System (MLIS)

နှင့်၁၁၃ အရ၊ အလျင်ကျသည်၊ နောက်ကျသည်ကို ဆုံးဖြတ်ရာဝယ်၊ ထိုကဲ့သို့ ဆက်လက်ပေးရန် လျှောက်လွှာတင်သွင်းသည့်နေ့ထက် ကျော်လွန်၍ နောက်ပြန်အတည်ပြုခြင်းမရှိစေရ။ ထိုကဲ့သို့ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ရရှိ သူသည်၊ သတ္တုရှာဖွေရန် လိုက်ဆင်အရသော်၎င်း၊ သတ္တုတူးဖေါ်ရန် ဂရန်အရသော်၎င်း၊ ရှာဖွေတူးဖေါ် ခြင်းတို့ကို အရပ်ဒေသတခုခုတွင် ပြုလုပ်နေပါက ထိုပြုလုပ်နေသော နယ်ပယ်ကို အုပ်ချုပ်လျက်ရှိသူ အရာရှိအား၊ ဘုရင်ခံမင်းကြီးသည်၊ သတ္တုရှာဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ်ကိုဆက်လက် ပေးပိုင်ခွင့်အာဏာကို လွှဲအပ်နိုင်သည်။ သို့လွှဲအပ်ရာဝယ် အလွှဲခံရသူအရာရှိမှာ ကော်လိတ်တော်၏ အဆင့်အတန်း ထက်မငယ်စေရ။

၁၉။ ။ သတ္တုရှာဖွေ မှုလျှောက်ပိုင်ခွင့် လက်မှတ်ရရှိသူ တို့၏နာမည်များကိုဘားမား ဂေဇက်ခေါ် အစိုးရ ဂေဇက်တွင်ကြော်ငြာရမည်။ သတ္တုရှာဖွေရန် လိုက်ဆင်သော်၎င်း၊သတ္တုတူးဖေါ်ရန် ဂရန်သော်၎င်း၊ ရရှိ ရန်လျှောက်လွှာတွင်သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့်ရရှိ ပြီးဖြစ်ကြောင်း ကိုဂေဇက်ပါနံပါတ် နှင့်နေ့စွဲတို့ကို အထောက်အထား ပြုလျက်ထည့် သွင်းဖေါ်ပြရမည်။

၂၀။ ။ သတ္တုရှာဖွေရန် လိုက်ဆင်သော်၎င်း၊ သတ္တုတူးဖေါ်ရန်ဂ ရန်သော်၎င်း၊ ရရှိ ရန်လျှောက်လွှာကို မစဉ်းစားမီ ကော်လိတ်တော်အရာ ရှိသည်၊ အကိုးအကားတင်ပြပါရှိသည့် ဂေဇက်ကြော်ငြာမှန်မမှန် ကိုစစ် ဆေးကြည့်ရှုလျက်၊ ထိုကဲ့သို့သောလျှောက်လွှာကို တင်သွင်းသူတွင် ပျက်ပြယ်ခြင်းမရှိဘဲ၊ အတည် ဖြစ်လျက်ရှိသော သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ် မရှိခဲ့ပါလျှင်၊ ထိုလျှောက်လွှာကို ပယ်ရမည်။ သို့သော် သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် မူလ လက်မှတ်ကိုတင်ပြရမည် ဟုထိုသူထံ မှတောင်းဆိုလို ကတောင်းဆိုနိုင် ရန်ကော်လိတ်တော်အရာရှိ တွင်အခွင့်အာဏာရှိသည်။

၂၁။ ။ အထက်ကျော်ကာယီက လိုက်ဆင်များ၊ သို့မဟုတ် ဂရန်များရရှိပြီး ဖြစ်ခဲ့ပါမူ၊ ထိုရရှိသူတွင်သတ္တု ရှာဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ်သည်၊ မိမိလက်ဝယ် ရှိရန်မလိုချေ။

၂၂ မှ ၂၅ အထိ မရှိ။

## အပိုင်း ၃။ ။သတ္တု ရှာဖွေရန်လိုက်ဆင်များ။

၂၆။ ။သတ္တုရှာဖွေ ရန်လိုက်ဆင်ရရှိသူ၏ အခွင့်အရေးမှာ ဤနည်းဥပဒေများနှင့် လိုက်ဆင်ပါ စည်း ကမ်းများကို အထောက်အထားပြု ကာလိုက်ဆင်တွင်သတ် မှတ်ဖေါ်ပြထားသည့် နယ်နိမိတ်အတွင်း မြေပေါ်၊ မြေအောက်ရှိ သတ္တုအမျိုးမျိုး ကိုသော်၎င်း၊ သီးသန့်သတ်မှတ်သည့် သတ္တုများကို သော်၎င်း၊ တဦးတည်းတူးပိုင်ခွင့်၊ ပြုပြင်ခွင့်နှင့် ယူဆောင် သွားခွင့်ရရှိလေသည်။ ထိုကဲ့သို့ယူဆောင် ရာဝယ်(ခ) စာရင်းတွင်သတ်မှတ် ထားသည့် အချိန်အတွယ်ထက်မကျော်လွန်စေရ။

အကယ်၍ ကျော်လွန်ခဲ့ပါလျှင်၊ ထိုကျော်လွန် သည့်သတ္တုကို (က) စာရင်းတွင်ပါသောသက်ဆိုင် ရာအခွန် အကောက်နှုန်းများထက် လည်းမနည်း၊ ဘုရင်ခံမင်းကြီးအုပ်ချုပ်မှုကို ထောက်ထားလျက် နိုင်ငံခြားသို့ တင်ပို့မည် ဖြစ်သော ပင်လယ်ဆိပ်ကမ်း မြို့တွင်ပေါက်ဈေး အရ၊ ထိုသတ္တု၏တန်ဘိုး ထက်လည်းမများ စေဘဲ၊ ထမ်းဆောင်စေပြီးသကာလ၊ ယူဆောင်သွားနိုင်ရန် ကော်လိတ်တော်အရာ ရှိကအထူးအမိန့် ပေးနိုင်သည်။

၂၇။ ။ သတ္တုရှာဖွေရန် လိုက်ဆင် ရလိုကြောင်းလျှောက်လွှာကို၊ အလားတူ နှစ်စောင်ပြုလုပ်တင်ဆက်ရ မည့်ပြင်၊ အောက်ပါအချက်များနှင့် ပြည့်စုံစေရမည်-

(က) လျှောက်ထားသူသည်၊ တကိုယ်ရေ တကာယ ဖြစ်ခဲ့ပါလျှင်၊ ထိုသူ၏ အမည်၊ အလုပ်အကိုင်၊ နေရပ်၊ လျှောက်ထားသူသည် ကုမ္ပဏီ၊ အဖွဲ့၊ အစုစပ်၊ သို့မဟုတ် အများနှင့် မသက်ဆိုင်သောကုမ္ပဏီ ဖြစ်ခဲ့ပါလျှင်၊ ထိုလျှောက်ထားသူ၏ အမည်၊ လုပ်ကိုင်သောအလုပ်သဘော နှင့်လုပ်ကိုင်ရာအရပ်ဒေသတို့ ကိုဖေါ်ပြ ရမည်။ လုပ်ကိုင်ဆောင်ရွက် ရာအရပ်သည်၊ မြန်မာပြည်၏ အပြင်ပ၌ဖြစ်ပါလျှင်၊ မြန်မာပြည်၌ နေထိုင်လျက်ရှိသော ကုမ္ပဏီ၊အဖွဲ့၊ သို့မဟုတ် အစုစပ်ပါလူကြီးဖြစ်စေ၊ အာဏာလွှဲအပ် ထားသည့် ကိုယ်စား လှယ်ဖြစ်စေ ထိုသူ၏ အမည်နှင့် နေရပ် ရေးသားပါရှိစေရမည်။

(ခ) လိုက်ဆင်ရရှိလိုသော မြေတည်ရှိရာ အရပ်ဒေသ၊ နယ်နိမိတ်များနှင့် အကျယ်အဝန်းဧရိယာတို့ကို သေချာနိုင်သလောက် သေချာစွာ ရေးသားဖေါ်ပြရုံသာမက မြေပုံဖြင့် ထောက်ခံတင်ပြရမည်။

(ဂ) လျှောက်ထားသူသည်၊ မြေပေါ်တွင် နယ်နိမိတ် သတ်မှတ်ပြီးကြောင်းသက်သေခံ လက်မှတ်တစောင်။

(ဃ) လျှောက်ထားသူရှာဖွေလိုသော သတ္တုများကို ဘုရင်ခံမင်းကြီး အလိုရှိသည့်အတိုင်း အသေးစိတ်အကြောင်းအရာ ဖေါ်ပြပါရှိသည့် စာရင်းတစောင်။

(င) လျှောက်ထားသူသည်သော်၎င်း၊ သတ္တုရှာဖွေမှု၊ သို့မဟုတ် သတ္တုတွင်းတူးဖေါ် လုပ်ကိုင်မှုအခွင့်အရေး၌ လျှောက်ထားသူနှင့် တွဲဘက်ပါဝင်သူသည်သော်၎င်း၊ သတ္တုတွင်းဂရန်၊ သို့မဟုတ် ရှာဖွေခွင့် လိုက်ဆင်ရရှိထားပြီးဖြစ်သော၊ သို့မဟုတ် လျှောက်ထားပြီးဖြစ်သော ဗြိတိသျှ မြန်မာပြည်အတွင်းရှိ ဒေသရပ်ကွက်များကို ဖေါ်ပြသည့်စာရင်း တစောင်။

၂၈။ ။ နည်းဥပဒေ ၈ တွင်သတ်မှတ်ထားသည့် အတိုင်း၊ လျှောက်လွှာရရှိကြောင်း ကြားစာကို ထုတ်ပေးပြီး သည့်နောက်၊ ကော်လိတ်တော် အရာရှိက၊ လျှောက်လွှာတွင် ဖေါ်ပြပါရှိသည့် မြေသည် အစိုးရကိစ္စအလို့ငှါသော်၎င်း၊ အခြားကိစ္စ အလို့ငှါသော်၎င်း လိုသည့် မြေဖြစ်ခြင်းကြောင့်၊ လျှောက်ထားသည့်အတိုင်း သတ္တု ရှာဖွေခွင့် လိုက်ဆင်ထုတ်ပေးခြင်း ငှါသင့်မသင့် ကိုဆောလျင်နိုင်သမျှ ဆောလျင်စွာ စုံစမ်းရမည်။

၂၉။ ။ သတ္တုရှာဖွေခွင့် လိုက်ဆင်ကို ထုတ်ပေး ရန်မသင့်ဟု ကော်လိတ်တော်အရာရှိ ကထင်မြင်သဘော ရရှိလျှင်၊ မထုတ်မပေးငြင်းပယ်ရမည်။

၃၀။ ။ ဘုရင်ခံ မင်းကြီး၏ ကြီးကြပ်ခန့်ခွဲမှုကို နာခံ၍၊ ကော်လိတ် တော်အရာရှိသည်၊ လျှောက်ထားသူ သည် သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ရရှိထားသူ ဖြစ်သည်ကို တွေ့ရှိ၍၊ လျှောက်ထားသည့် လိုက်ဆင်ကို ထုတ်ပေးမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်အချက် မရှိလျှင်၊ ရှာဖွေခွင့်လိုက်ဆင် ကိုသတ်မှတ်ထားသည့် ပုံစံ ဖြင့်၊ လျှောက်ထားသူအား ထုတ်ပေးနိုင်သည်။

၃၁။ ။ လျှောက်ထားသူ အသီးသီး သည်၊ သတ္တုရှာဖွေခွင့် လိုက်ဆင် ကိုထုတ်မပေးသေးမီ၊ အဆိုပါလိုက်ဆင်နှင့် ပတ်သက်၍၊ လိုက်ဆင်တွင်ပါရှိသည့် မြေတဧကလျှင်၊ သို့မဟုတ် တဧက၏အစိတ်အပိုင်း အတွက် ငွေကျပ် ၁၀၀

ကျအာမခံတင်သွင်းရမည်။ သို့မဟုတ် ကော်လိတ်တော် အရာရှိကခွင့်ပြုလျှင်၊ ကော်လိတ်တော်အရာရှိ ကျေနပ်အောင်၊ အလားတူငွေအတွက် အာမခံပေးရမည်။

၃၂။ ။ အာမခံငွေ တင်သွင်းသူသည်၊ သတ္တုတွင်းတူးဖေါ်လုပ်ကိုင်ခွင့် ဂရန်ကိုရရှိ သည့်အခါ၊ အထက်ပါ နည်းဥပဒေအရ တင်သွင်းထားသည့် ငွေမှ၊ မြေမျက်နှာပျက်စီး သည့်လျော်ကြေး ဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ၊ အခြားနည်းဖြစ်စေ၊ ကော်လိတ်တော်အရာရှိက အမိန့်ချမှတ်သည့်အတိုင်း နုတ်ယူပြီးနောက် ကျန်ငွေကို ဂရန်တွက်ပေးရန်ရှိ သည့်မြေခ၊ အကောက်တော်၊ သို့မဟုတ် အာမခံသွင်းငွေအတွက် ခုနှိမ်စေလိမ့်မည်။ အထက်ဆိုခဲ့ သည့်လိုက်ဆင်တစုံတရာကို လျှောက်ထားသူက ရလျက်မယူ ငြင်းပယ်လျှင်သော်၎င်း၊ မရလျှင်သော် ၎င်း၊ နည်းဥပဒေ ၃၄ (၉) တွင်ပါရှိသည့်စည်းကမ်း ကိုလိုက်နာရွက်ဆောင်သည်ဟု ကော်လိတ်တော် အရာရှိ ကကျေနပ်၍၊ နည်းဥပဒေ ၁၀၈ အရကော်လိတ်တော်အရာရှိ ကတင်ပြစေ အမိန့်ရှိသည့် အကြောင်းအရာကို တင်ပြလျှင်၊ အဆိုပါ ငွေကိုတင်သွင်းသူအား ပြန်ပေးလိမ့်မည်။

၃၃။ ။ သတ္တုရှာဖွေမှုလိုက် ဆင်ကိုထုတ်ပေးခွင့်ပြု ပြီးသည့်နောက်၊ သုံးလအတွင်လိုက်ဆင် စာချုပ်မချုပ်မဆို ရှိလျှင်၊ လျှောက်ထားသူ၏ ထိုလိုက်ဆင်ရခွင့်ကို ပယ်ဖျက်လိမ့်မည်။ သို့သော် ဘဏ္ဍာတော် မင်းကြီးက၊ အကြောင်းထူးများကို ထောက်ထား၍၊ နှောင့်နှေးခြင်းရှိသော်လည်း ခွင့်ပြုလျှင်၊ သို့မဟုတ် နှောင့်နှေးခြင်းသည် လျှောက်ထားသူ၏ တာဝန် မဟုတ်ဟု သဘောရရှိလျှင် မူကားရနိုင်သည်။

၃၄။ ။ သတ္တုရှာဖွေ ခွင့်လိုက်ဆင်အသီးသီးတို့တွင်၊ ဆိုင်ရာ လိုက်ဆင်နှင့် ပတ်သက်၍ ပါသင့်ပါထိုက်သော စည်းကမ်း ချက်များအပြင်၊ အားလုံးတို့တွင်အောက်ပါ စည်းကမ်းချက်များပါရှိ စေရမည်-

(၁) လိုက်ဆင်ကို၊ လျှောက်ထားသူလိုလားသည့် အချိန်ကာလအတွက် ထုတ်ပေးရမည်။ သို့သော်အများ ဆုံးတနှစ်အတွက်သာ ဖြစ်စေရမည်။ လိုက်ဆင်ရသူသည် မြေရာတွင်အပြီးအစီး ရှာဖွေခြင်းကို ပြုနိုင်စေရန်၊ အချိန်ပိုပေးရန် လိုသည်ဟု ကော်လိတ်တော်အရာရှိက ကျေနပ်လျှင်၊ ဘုရင်ခံမင်းကြီး ၏ကြီးကြပ်ခန့်ခွဲမှု ကိုနာခံ၍ကော်လိတ်တော် အရာရှိက၊ လိုက်ဆင်ကို၊ မူလလိုက်ဆင်စသည့် နေ့ရက်မှ သုံးနှစ်ထက် မကျော်စေဘဲ၊ နောက်ထပ်တကြိမ်သော်၎င်း၊ တကြိမ်ထက် ကျော်၍၎င်း၊ တကြိမ်လျှင်တနှစ် ထက်မလွန်စေဘဲ ဆက်၍ ပေးနိုင်သည်။ သို့ရာတွင်၊ လိုက်ဆင်အချိန်ကာလမကုန်မဆုံးသေးမီ၊ လိုက်ဆင်ရသူက သတ္တုတွင်းဂရန် ထုတ်ပေးရန် လျှောက်ထားသည့် အခါကော်လိတ်တော်အရာရှိ က၊ သတ္တုတွင်းဂရန်ထုတ်ပေးသည့် အချိန်ထိသော်၎င်း၊ ၎င်းကသင့်သည်ဟု သဘောရရှိသည့်အတိုင်း သော်၎င်း၊ လိုက်ဆင်၏အချိန်ကာလ ကိုတိုးပေးနိုင်သည်။

(၂) လိုက်ဆင်ရသူသည် လိုက်ဆင်နှင့် သက်ဆိုင်သည့် မြေရာ အတွက်၊ တကေလျှင် တနှစ်၊သို့မဟုတ် နှစ်၏အစိတ်အပိုင်းအတွက် တကျပ်ထက် မကျော်သော တပဲထက်မနည်း သော လိုက်ဆင်ခကို လိုက် ဆင်တွင်ပါသည့် နှစ်ကာလအပိုင်းအခြား အတွက်ပေးဆောင်ရမည်။ အထက်ပါ စည်းကမ်းချက်အရ လိုက်ဆင်ကို ဆက်လက်ယူသည့်အခါ လိုက်ဆင်ခ အသစ်ပေးရမည်။ လိုက်ဆင်ခမှာ လိုက်ဆင်ဆက်ယူ သည့် အချိန်ကာလ အတွက် တနှစ်၊ သို့မဟုတ် တနှစ်၏ အစိတ်အပိုင်း အတွက် အထက်ပါအများဆုံး အနည်းဆုံးနှုန်း အတိုင်းဖြစ်စေရမည်။ သို့သော် အထက်ပါစည်းကမ်း ချက်၌ ပါရှိသည့် ချွင်းချက်အရ လိုက်ဆင်အချိန်တိုးပေးသည့် အတွက်အခကိုမပေးရ။

Myanmar Law Information System (MLIS)

(၃) လိုက်ဆင်ရသူသည် တူးဖော်ရရှိ ထုတ်ယူသွားသော ကျောက်မျက်ရတနာ အားလုံး တို့အပေါ်တွင် တန်ဘိုး၏ ၁၅ ရာခိုင်နှုန်း ထက်မကျော်သော အကောက်တော်ကို ပေးဆောင်ရမည်။ ထို့ပြင် တူးဖော်ရရှိ ထုတ်ယူသွားသော အခြားသတ္တုအားလုံးတို့အပေါ်တွင် စမ်းသပ်မှု ကိစ္စများအတွက်အခလွတ်ယူသွားနိုင် ရန်စာရင်း(ခ) တွင်ခွင့်ပြုထားသည်က ပိုသမျှအတွက် နည်းဥပဒေ ၂၆ အရ သတ်မှတ်နိုင်သည့် နှုန်း၊ သို့မဟုတ်နှုန်းများ အတိုင်း အကောက်တော်ပေးဆောင်ရမည်။

(၄) လိုက်ဆင်ထုတ်ပေးသည့် မြေရာများ ပေါ်တွင်ဖြစ်စေ၊ ၎င်းတို့၏အပြင် အပတွင်ဖြစ်စေ၊ လိုက်ဆင်ကခွင့်ပြုသည့် အခွင့်အာဏာများကို ဆောင်ရွက် ရာတွင်၊ လိုက်ဆင်ရသူကြောင့်ဖြစ် သည့် ပျက်စီးမှု၊ နစ်နာမှု၊ သို့မဟုတ် မြေအခြေအနေ ပျက်ပြားမှုအားလုံး တို့အတွက် တရားဥပဒေနှင့် အညီတရားဝင် အာဏာပိုင်က သတ်မှတ်သည့် အတိုင်းသင့်လျော်အောင် ပြုပြင်လျော်ကြေးပေးရမည်။ထို့ပြင်ထိုသို့သော ပျက်စီးမှု၊ နစ်နာမှု၊သို့မဟုတ် မြေအနေပျက်ပြားမှု များနှင့် ပတ်သက်၍ တပါးသူတို့က အစိုးရထံရလိုမှုတောင်းဆိုချက်များအတွက် လိုက်ဆင်ရသူက အစိုးရကိုလျော်ကြေးလည်း ပေးရမည်။

(၅) လိုက်ဆင်ရသူသည် ကော်လိတ်တော် အရာရှိ၏ခွင့်စာသော်၎င်း၊ ၎င်းကခန့်ထားသောအရာရှိ၊ သို့မဟုတ် အရာရှိများ၏ ခွင့်စာသော်၎င်းမရရှိဘဲ၊ ပိုင်ရှင်မရှိ၊ ကြိုးဝိုင်းမဟုတ်သော မြေပေါ်ရှိ သစ်ပင် တစုံတရာကို ခုတ်ဖြတ်ခြင်း၊ ပျက်စီးအောင် ပြုခြင်းမပြုလုပ်ရ။ ထို့ပြင် ကော်လိတ်တော်အရာရှိ၏ အခွင့် မရမရှိဘဲ၊ ပြည်သူလူအများ ဖျော်ဖြေမှုမြေ၊ မီးသင်္ဂြိုဟ်ရာမြေ၊ သို့မဟုတ် သုသာန်မြေ၊ သို့မဟုတ် လူစုတစုံတရာက အမြင့်အမြတ်ထား သည့် မြေတွင်းသို့ဝင်ရောက် ခြင်းသော်၎င်း၊ လူအများသွားလာ မြဲလမ်း၊ ရေတွင်း ရေကန်ကိုအနှောင့်အယှက်ဖြစ်စေရန် သော်၎င်း မပြုလုပ်ရ။

(၆) လိုက်ဆင်ရသူသည် ဘဏ္ဍာတော်မင်းကြီး ကအလိုရှိသည့် အတိုင်း၊ ၎င်း၏သတ္တုရှာဖွေခြင်း အလုပ် အကိုင်အကြောင်းအရာ လိုက်ဆင်ပါမြေကွက် အတွင်း၌ ရှိသည့် သတ္တုများ အကြောင်းအရာ ဘူမိဗေဒဆိုင်ရာ အကြောင်းအရာ များကို မှတ်တမ်း ပြုလုပ်ထားရမည်။

(၇) လိုက်ဆင်ရသူသည် ဘုရင်ခံ မင်းကြီး၏ အခွင့်ကို တင်ရင်တောင်းယူ၍ အတည်ဖြစ်ဆဲ သတ္တုရှာ ဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ် ရရှိထားသူအားငင်း၏ လိုက်ဆင်ကိုသော်၎င်း၊ ထိုလိုက်ဆင်ပါ အကျိုးခံ စားခွင့် တစုံတရာကို သော်၎င်း၊ ကိုယ်စားလွှဲအပ်၊ သို့မဟုတ် လွှဲပြောင်းပေးနိုင်သည်။ သို့ရာတွင် ထိုသို့ ကိုယ်စားလွှဲအပ် လွှဲပြောင်းပေးခြင်းကို ပေးအပ်ပြီးစီးသည့် နေ့ရက်မှပြက္ခဒိန်လ ၃ လအတွင်း ကော် လိတ်တော်အရာရှိ ၏ရုံးတွင်ငွေငါးဆယ်ကျပ်အခ ပေးဆောင်၍ မှတ်ပုံတင်ရမည်။

(၈) လိုက်ဆင်ရသူ ကဖြစ်စေ၊ ၎င်း၏ကိုယ်စား လွှဲပေးထားသူက ဖြစ်စေ၊ လွှဲပြောင်းထားသူက ဖြစ်စေ၊ အထက်ပါစည်းကမ်း အပိုဒ်များ အနက် တစုံတရာကို ကျူးလွန်ခဲ့သော်၊ ကော်လိတ်တော်အရာရှိ ကအကျဉ်းချုပ်စီရင်နည်း ဖြင့် လိုက်ဆင်ကို ရုပ်သိမ်းနိုင်သည်။ ထိုသို့ ရုပ်သိမ်းသည့်အခါ လိုက်ဆင်အရ ရရှိခံစားရသော အခွင့်အရေး ဟူသမျှ ရုပ်စဲစေရမည်။ သို့မဟုတ် ကော်လိတ် တော်အရာရှိ ကသင့်သည်

Myanmar Law Information System (MLIS)

ထင်လျှင်အထက်ပါ နည်းအစား၊ နည်းဥပဒေ ၃၁ အရ လိုက်ဆင်ရသူ ကတင်သွင်းသည့် ငွေအားလုံး ကို သော်၎င်း၊ တစိတ်တပိုင်းကိုသော်၎င်း အစိုးရဘဏ္ဍာတော် အဖြစ် သိမ်းယူစေဟု အမိန့်ချနိုင်သည်။

(၉) လိုက်ဆင် အချိန်ကုန်ဆုံးသည့်အခါ တွင်သော်၎င်း၊ ကုန်ဆုံးသည့် အခါမတိုင်မီ သော်၎င်း၊ လိုက်ဆင်ရသူအား သတ္တုတွင်း ဂရန်ပေးပြီးဖြစ်သော မြေနှင့် ပတ်သက်၍မှတပါး၊ လိုက်ဆင်ရသူသည် လိုက်ဆင်အချိန် ကုန်ဆုံးသည့်နောက်၊ သို့မဟုတ် လုပ်ငန်းကို စွန့်လွှတ်သည့်နေ့စွဲ နောက် ရှေ့ဦးကျရာ နေ့စွဲ မှခြောက်လအတွင်း ကော်လိတ်တော်အရာရှိက အလိုရှိသလောက်လွန်တွင်း များကိုလုံခြုံစွာပိတ် ခြင်း၊ တူးဖေါ်ထားသော တွင်းကျင်းများကို ပြန်ဖို့ခြင်း၊ အကာအရံပြုလုပ် ပေးခြင်း၊ ထို့ပြင်မြေမျက်နှာ ကိုပြန်၍ ပြုပြင်ပေးခြင်း၊ သတ္တုရှာဖွေရာ၌ မြေပေါ်တွင်ရှိ အဆောက်အဦများပျက်စီး ခြင်းကို ပြန်လည်ပြုပြင်ပေးခြင်း တို့ကို ကော်လိတ်တော် အရာရှိက အလိုရှိသလောက် ပြုလုပ်ပေးရမည်။

သို့ရာတွင် စည်းကမ်းချက် (၄) အရ၊ စည်းကမ်းနှင့်အညီ လျော်ကြေးအပြည့် ပေးပြီးဖြစ်သော မြေမျက် နှာပြင် ကိုသော်၎င်း၊ အဆောက်အဦ တစုံတရာကို သော်၎င်း၊ လိုက်ဆင်ရသူက ပြုပြင်ပေးစေရန် မပြုမ လုပ်ရ။

(၁၀) လိုက်ဆင်ပေးထားသော မြေပေါ်၌ သော်၎င်း လိုက်ဆင်ရသူ၏ လက်အောက်တွင်ရှိသော မြေပေါ်၌သော် ၎င်းရှိသောသတ္တုများကို မည်သည့် အချိန်တွင်မဆို ဘုရင်ခံ မင်းကြီးက လက်ဦးဝယ် ယူပိုင်ခွင့်ရှိရမည်။ သို့ရာတွင် လက်ဦးဝယ်ယူပိုင်ခွင့် ဖြင့်ရယူသော သတ္တုအားလုံးတို့အတွက်၊ လိုက်ဆင်ရသူကိုသင့်လျော် သောပေါက်ဈေးပေးရမည်။

(၁၁) လိုက်ဆင်နှင့် ပတ်သက်၍ ဖြစ်စေ၊ လိုက်ဆင်နှင့်စပ်လျဉ်း သောအကြောင်းကိစ္စဝတ္ထုပစ္စည်း တစုံတရာနှင့် ပတ်သက်၍ ဖြစ်စေ၊ လိုက်ဆင်အရလိုက်ဆင် ရသူ၏ အခွင့်အာဏာများ နှင့်ပတ်သက်၍ ဖြစ်စေ၊ လိုက်ဆင်အရ ပေးဆောင်ရမည့်အခါသို့မဟုတ် အကောက်တော် ပေးမှု၊ မည်ရွေ့မည်မျှပေးမှုတို့ နှင့် ပတ်သက်၍ဖြစ်စေ၊ အငြင်းအခုံတစုံ တရာဖြစ်ပွါးခဲ့သော်၊ ထိုသို့သဘောကွဲလွဲငြင်းခုံ မှုကိုဘုရင်ခံ မင်းကြီးကဆုံးဖြတ်ရမည့်ပြင်၊ ဘုရင်ခံမင်းကြီး၏ ဆုံးဖြတ်ချက်သည် အဆုံးသတ်အတည် ဖြစ်စေရ မည်။

သို့ရာတွင် စစ်အတွင်း၌ သော်၎င်း၊ နိုင်ငံမှုအရေးတကြီး ကိစ္စပေါ်ပေါက် သည့်အချိန်အတွင်း၌ သော်၎င်း၊ ဘုရင်ခံမင်းကြီးသိမ်းယူ၊ သို့မဟုတ်အုပ်ချုပ်ထားသည့် သတ္တုတွင်းများနှင့် မြေများတွင်မှတပါး၊ ဘုရင်ခံမင်းကြီးက လက်ဦးဝယ်ယူပိုင်ခွင့် ဖြင့် ဝယ်ယူသော သတ္တုများအတွက် အဘိုးနှုန်းထားနှင့် ပတ် သက်၍ငြင်းခုံမှုတစုံတရာ ဖြစ်ပွါးခဲ့သော်၊ ထိုငြင်းခုံမှုကို ဘုရင်ခံမင်းကြီးတင်မြှောက် သူတယောက်၊ လိုက်ဆင်ရသူကတင်မြှောက်သူတယောက် ခုံလူကြီးနှစ်ယောက်တို့က ဆုံးဖြတ်စေမည်။ သို့မဟုတ် ခုံလူ ကြီးများသဘောကွဲလွဲချက်ရှိခဲ့သော်၊ ခုံသမာဓိကဆုံးဖြတ်မှုကို စတင်မပြုလုပ်သေးမီ၊ ခုံလူကြီး တို့ကိုယ်တိုင် စာဖြင့်ရေး၍ခန့်အပ်သော ဒိုင်လူကြီးတဦးကဆုံးဖြတ်ရမည်။ ထိုသို့သောခုံလူကြီး များ၏၊ သို့မဟုတ် ဒိုင်လူကြီး ၏ဆုံးဖြတ်ချက်သည် အဆုံးသတ်အတည်ဖြစ်စေရမည်။

၃၅။ ။ သတ္တုရှာဖွေခွင့် လိုက်ဆင် အချိန်ကုန်ဆုံး သည့်အခါ၊ သို့မဟုတ်မကုန်ဆုံး သေးမီလိုက်ဆင်ရသူ သည်နည်းဥပဒေ ၄၅ တွင်ပါရှိသည့်စည်းကမ်းချက်များ ကိုနာခံ၍ အောက်ပါအခွင့်အရေး ကိုရစေမည်-



Myanmar Law Information System (MLIS)

(က) အဘိုးတန်ကျောက်မျက်ရတနာ များမှတပါး၊ အခြားသတ္တုများအတွက် သတ္တုတွင်းတူးဖော်ရန် ဂရန်များနှင့် သက်ဆိုင်သည့်နည်း ဥပဒေများတွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ သတ္တုတွင်းတူး ဖော်ရန်ဂရန်ရခွင့် ရှိသည်။

(ခ) အဘိုးတန် ကျောက်မျက်ရတနာ များအတွက်မှာမူ၊ ဘုရင်ခံမင်းကြီးက ထုတ်ပေးသင့်သည် ဟုထင် မြင်ချက်အတိုင်း၊ ထိုသို့သောသတ္တုတွင်း တူးဖော်ရန်ဂရန် ကိုလက်ဦးရခွင့်ရှိသည်။

ထိုသို့ ထုတ်ပေးသည့်ဂရန်မှာထုတ်ပေးထား သည့်သတ္တုရှာဖွေခွင့် လိုက်ဆင်တွင်ပါရှိသည့်မြေရာ အား လုံးအတွက်သော်၎င်း၊ တစိတ်တဒေသ အတွက်သာလျှင် သော်၎င်းဖြစ်နိုင်သည်။

၃၆ မှ ၄၀ အထိ မရှိ။

## အပိုင်း ၄။ ။ သတ္တုတွင်းတူးဖော် ရန်ဂရန်များ။

၄၁။ ။သတ္တုတွင်းတူးဖော်ရန် ဂရန်ရရန်တင်သွင်းသည့် လျှောက်လွှာအသီးသီးတို့တွင် အောက်ပါ အကြောင်းအရာများ ပါရှိစေရမည်။ ၎င်းတို့မှာ-

(က) လျှောက်သူသည် တသီးပုဂ္ဂလဖြစ်လျှင်၊ အမည်၊ နေရပ်၊ အလုပ်အကိုင်ပါ ရှိစေရမည်။ သို့မဟုတ်လျှောက်သူသည် ကုမ္ပဏီ၊ ဆင်ဒီကိတ်၊ ကိုယ်ပိုင်ကုမ္ပဏီ၊ သို့မဟုတ် အစုစပ်ကုမ္ပဏီဖြစ်ခဲ့သော်၊ ကုမ္ပဏီအမည်၊ အမျိုးအစားနှင့် အလုပ်တည်ရာဌာနပါရှိစေရမည်။ အလုပ် တည်ရာဌာနသည် မြန်မာနိုင်ငံတော်၏ အပြင်အပတွင်ဖြစ်လျှင်၊ မြန်မာပြည်တွင် နေထိုင်သော ကုမ္ပဏီ ဝင်လူကြီး၊ သို့မဟုတ် စည်းကမ်းတကျ အာဏာလွှဲအပ် ထားသည့် ကိုယ်စားလှယ်၏ နေရပ်ကိုဖော် ပြရမည်။

(ခ) လျှောက်ထားသူ တူးဖော်လုပ်ကိုင်လိုသည့် သတ္တု၊ သို့မဟုတ် သတ္တုများကို သီးခြားဖော်ပြချက်။

(ဂ) ဂရန်အလိုရှိသည့် မြေရာ၏ တည်နေပုံ၊ တည်ရာဌာန၊နယ်နိမိတ် နှင့်ဧရိယာ အကျယ်အဝန်းကို မြေပုံ၊ သို့မဟုတ် ပန်နက်ပုံစံဖြင့် ပြလျက်တတ်နိုင်သရွေ့သေချာ အောင်ဖော်ပြချက်။

(ဃ) လျှောက်ထားသူသည် မြေပေါ်၌ နယ်နိမိတ်သတ်မှတ်ပြီးကြောင်း သက်သေခံလက်မှတ်။

(င) လျှောက်ထားသူသည် သော်၎င်းသတ္တုရှာဖွေမှု၊ သို့မဟုတ် သတ္တုတွင်းတူးဖော် လုပ်ကိုင်မှု အခွင့်အရေး၌ လျှောက်ထားသူနှင့် တွဲဘက်ပါဝင်သူသည် သော်၎င်း၊ သတ္တုတွင်းတူးဖော်ရန်ဂရန်၊ သို့မဟုတ် ရှာဖွေခွင့် လိုက်ဆင်ရရှိထား ပြီးဖြစ်သောဗြိတိသျှ မြန်မာပြည်အတွင်း ရှိသော ဒေသရပ်ကွက်များကို ဖော်ပြသည့် စာရင်း။

(စ) နှစ်ကာလမည် မျှအတွက် ဂရန်အလိုရှိသည့်အကြောင်း။

၄၂။ ။သတ္တုတွင်းတူးဖော်ရန်ဂရန် ရရန်တင်သွင်းသည့်လျှောက်လွှာနှင့်အတူ လျှောက်ထားသူသည်၊ စတင်ကုန်ကျမည့်စရိတ်များအတွက်၊ ကော်လိတ်တော် အရာရှိက ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ကျပ် ၅၀၀ ထက်မကျော်သောငွေကို အာမခံအဖြစ် တင်သွင်းရမည်။ သို့မဟုတ် ကော်လိတ်တော်အရာရှ၏ ခွင့်ပြုချက်ဖြင့်၊ အလားတူ ငွေအတွက်ကော်လိတ်တော်အရာရှိ ကျေနပ်လောက်အောင် အာမခံပေးရမည်။ အကယ်၍၊ လျှောက်လွှာသည်၊ လျှောက်ထားသူက သတ္တုရှာဖွေမှု လိုက်ဆင်ရရှိထားပြီးဖြစ်သော ရပ်ကွက်နှင့် သက်ဆိုင်လျှင်၊ အဆိုပါသတ္တုရှာဖွေခွင့် လိုက်ဆင်အတွက်နည်းဥပဒေ ၃၁ အရ သွင်းထားသည့်ငွေကို ၎င်းအတွက် ခုနှိမ်ပေးလိမ့်မည်။

Myanmar Law Information System (MLIS)

၄၃။ ။နည်းဥပဒေ ၄၂ အရငွေတင်သွင်းထား သူအားသတ္တုတွင်းတူးဖော်ရန် ဂရန်ထုတ်ပေးလျှင်၊ အစိုးရကသော်၎င်း၊ အစိုးရ၏ကိုယ်စားသော်၎င်း ကုန်ကျထားသည့် ငွေကိုနုတ်၍ ကျန်ငွေကို ဂရန်တွက် ပေးဆောင်ရန်ရှိသည့် မြေငှါးခ ငွေအတွက်သော်၎င်း၊ အကောက်တော်များ အတွက်သော်၎င်း ခုနှိမ်ပေး လိမ့်မည်။ အကယ်၍ ၎င်းကထိုသို့သော ဂရန်ကိုမယူလိုငြင်းပယ်လျှင်သော် ၎င်း၊ ဂရန်မရလျှင်သော်၎င်း၊ အဆိုပါငွေကိုပြန်ပေး လိမ့်မည်။

၄၄။ ။ ကော်လိတ်တော်အရာရှိ ထံမှ လျှောက်လွှာကိုရရှိသည့်အခါ၊ ဘုရင်ခံမင်းကြီးသည်၊ နည်းဥပဒေ ၃၅ အရလျှောက်ထားသူသည် ဂရန်ရထိုက်သူ ဖြစ်လျှင်သော်၎င်း၊ လျှောက်ထားသူအား သတ္တုတွင်းတူး ဖော်ရန်ဂရန်ထုတ်ပေးသင့်သည် ဟုသဘောရရှိလျှင်သော်၎င်း၊ ယခုနည်းဥပဒေ များနှင့်အညီ၊ ဘုရင်ခံမင်းကြီး သင့်သည်ဟု ထင်မြင်သည့် မြေကွက်ဂရန် ထုတ်ပေးနိုင်သည်။

၄၅။ ။ ဘုရင်ခံမင်းကြီးသည်၊ သာမန်အားဖြင့်၊ ဂရန်ရသူကသော်၎င်း၊ ၎င်းနှင့်ဘက်တွဲ သက်ဆိုင်သူများ ကသော်၎င်း၊ သတ္တုတွင်းတူးဖော်ရန်ဂရန်ရရှိထားသော မြေကွက်စုစုပေါင်းဧရိယာသည် စတုရန်း ၁၅ မိုင် ထက်ကျော်သွားမည် ဖြစ်လျှင်၊ သတ္တုတွင်းတူးဖော်ရန်ဂရန်တစုံ တရာကိုထုတ်ပေး လိမ့်မည်မဟုတ်။

၄၆။ ။ ဘုရင်ခံမင်းကြီးသည်၊ အတည်ဖြစ်စဲ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ရရှိ ထားသူမှတပါး၊ သတ္တုတွင်းဂရန်ကို ကိုယ်စားလွှဲအပ်မှုကိုသော်၎င်း၊ ၎င်းဂရန်အရအခွင့်အရေး တစုံတရာကိုဖြစ်စေ၊ အကျိုးခံစားမှုတစုံတရာကိုဖြစ်စေ လွှဲပေးခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်။ သာမန်အားဖြင့်ဆိုသော်၊ ကိုယ်စားလွှဲအပ်ခံရသူသည်သော်၎င်း၊ လွှဲပေးခြင်းခံရသူသည်သော်၎င်း၊ အဆိုပါလူတဦးဦးနှင့် တွဲဘက် ပါဝင်သူတို့သည်သော်၎င်း၊ ဗြိတိသျှ မြန်မာနိုင်ငံတော်အတွင်း သတ္တုတွင်းဂရန် ရရှိထားသော မြေဧရိယာ စုစုပေါင်းသည် စတုရန်း ၁၅ မိုင်ကကျော်လွန်မည်မဟုတ်လျှင်၊ အခွင့်ပေးလိမ့်မည်။

၄၇။ ။သတ္တုတွင်းတူးဖော် ရန်ဂရန်ထုတ်ပေးသည့် မြေကွက်အလျားသည်၊ သာမန်အားဖြင့်၊ အနံ၏လေး ဆထက်မကျော်စေရ။ သို့ရာတွင်၊ ဤသို့သတ်မှတ်ထားခြင်းသည်၊ စက်ဖြင့် ယက်ထုတ်ရှာဖွေမှုအတွက် ဂရန်ရရှိထား သောမြစ် ဝှမ်းများနှင့် မသက်ဆိုင်စေရ။ အဆိုပါကိစ္စမျိုးအတွက် ဘုရင်ခံမင်းကြီး သင့်သည်ဟု ထင်မြင်သည့်အ တိုင်း၊ အခြားနည်းသတ်မှတ်ပေးနိုင်သည်။

၄၈။ ။ ဤနည်းဥပဒေများအရ၊ သတ္တုတွင်းတူးဖော်ရန်ဂရန်တွင် သတ်မှတ်ပါရှိ သောမြေကွက် အားလုံး တို့၏မြေမျက်နှာအောက် နယ်နိမိတ်သည်၊ ပထဝီမြေကြီး၏ ဗဟိုချက်မ သို့တည့်တည့်ဆင်းသွား သည်ဟုမှတ် ယူရမည်။

၄၉။ ။သတ္တုတွင်းလိုက်ဆင်ကို ထုတ်ပေးခွင့်ပြုပြီးသည့်နောက်၊ တနှစ်အတွင်း ဂရန်စာချုပ် မချုပ်မဆို ဘဲရှိလျှင်၊ လျှောက်ထားသူ၏ ဂရန်ရခွင့်ကို ပယ်ဖျက်လိမ့်မည်။ သို့သော်ဘုရင်ခံ မင်းကြီးကအကြောင်း ထူးများကို ထောက်ထား၍၊ နှောင့်နှေးခြင်းရှိသော် လည်းခွင့်ပြုလျှင်၊ သို့မဟုတ် နှောင့်နှေးခြင်းသည် လျှောက်ထားသူ ၏တာဝန်မဟုတ်ဟု သဘောရရှိလျှင် မူကားရနိုင်သည်။

**မှတ်ချက်**။ ။ ဂရန်အသီးသီးတို့ကို စာချုပ်မပြုလုပ်သေးမီ၊ ဘုရင်မင်းမြတ် ရုံးတော်ညွှန်ကြားရေးဝန်၏သဘော ကြိုက်ညီချက်ကို ရရှိစေရမည်။

Myanmar Law Information System (MLIS)

၅၀။ ။ ထုတ်ပေးသည့် သတ္တုတွင်းဂရန် တခုလျှင်အချိန်ကာလ ကိုနှစ်ပေါင်း ၂၀ထက်မပိုစေရ။ သို့သော် ဂရန်ရသူ၏ သဘောအလျောက်တကြိမ် လျှင်နှစ်ပေါင်း ၂၀ ထက်မပိုစေဘဲ အကြိမ်ကြိမ်ဂရန်ဆက်လက် ယူပိုင်ခွင့်ရှိကြောင်း စည်းကမ်းချက်ကို ဂရန်တွင်ထည့်သွင်းပေးနိုင်သည်။ ဂရန်ကိုနောက်ထပ်ဆက် လက်ယူသည့်အကြိမ်တွင်၊ မြေငှါးခပုံသေနှုန်းများကို ကုန်ဆုံးသွားသည့် ဂရန်စာချုပ်တွင် သတ်မှတ် သည့်နှုန်း၏နှစ်ဆ ထက်မကျော်မလွန်စေဘဲ သတ်မှတ်နိုင်သည်။ ထိုသို့ ဆက်ယူသည့်ဂရန်အတွက် ပေးဆောင်ရမည့် အကောက်တော်မှာ ယခင်ဂရန်စာချုပ် ကုန်ဆုံးသွားသည့် နောက်တနေ့တွင်၊ အရေး အခွင့်ရှိသောအာဏာပိုင် ကချမှတ်ထားသော ယေဘုယျအမိန့်များအရ အတည်ဖြစ်နေ သောနှုန်းထား များအတိုင်းဖြစ်စေရမည်။ သို့သော် လည်းအဆိုပါစာချုပ်များတွင် သတ်မှတ်ထားသည့် နှုန်းထားများ ၏နှစ်ဆထက်မပိုစေရ။

၅၁။ ။ သတ္တုတွင်းဂရန်အသီးသီး တို့တွင်၊ ဂရန်တခုတခုစီ၌ ဘုရင်ခံမင်းကြီးက ပါရှိစေသင့်သည်ဟု ထင်မြင်သဘောရရှိသော စည်းကမ်းချက်များ ပါရှိစေရမည်။ ထို့ပြင်ဂရန်တိုင်းတွင် အောက်ပါစည်းကမ်း ချက်များပါရှိစေရမည်။ ၎င်းတို့မှာ-

(၁) ဂရန်ရသူသည်၊ အကောက်တော်ကိုဖြစ်စေ၊ အကောက်တော်များကိုဖြစ်စေ၊ ဂရန်တွင်သတ်မှတ်သည့် နှုန်းထား၊ သို့မဟုတ်နှုန်းထားများ အတိုင်းပေးဆောင်ရမည်။ အဆိုပါနှုန်းထား၊သို့မဟုတ် နှုန်းထားများ မှာ၊ စာရင်း(က) တွင်ပါရှိသည့်သတ္တု၊ သို့မဟုတ်သတ္တုများ အတွက်အသီးသီး သတ်မှတ်သည့်နှုန်း များဖြစ်စေရမည်။ အကယ်၍ ဂရန်ရသူသည် အခြားသတ္တုတစုံတရာကို တွေ့ရှိလျှင်၊ အဆိုပါသတ္တုအ တွက်ဂရန်ရရှိသည်အထိ၊ အဆိုပါသတ္တုတန်ဘိုး၏ ၂၀ ရာခိုင်နှုန်း အောက်မနည်းစေဘဲ၊ ဘုရင်ခံမင်းကြီး သတ်မှတ်တော်မူသော နှုန်းထားအတိုင်း အကောက်တော် ပေးဆောင်ရမည်။ သို့သော် လည်းဂရန် ရသူသည်၊ သတ္တုကိုတွေ့ရှိသည့် အချိန်မှ ၁၂ လအတွင်း၊ ၎င်း၏မူလဂရန် တွင်မကုန်မဆုံးသေး သောအ ချိန်ကာလအတွက်ထိုသို့ သောဂရန်ကိုတောင်းဆို ရရှိခွင့်ရှိသည်။ သို့ရာတွင် ဂရန်ရသူက၊ အထက်တွင်သတ် မှတ်ထားသည့်အတိုင်း ဂရန်မယူလိုလျှင်၊ ဘုရင်ခံမင်းကြီးက ထိုသို့ သောသတ္တုအတွက်အခြားသူ တစုံတ ယောက်အားဂရန်ပေးနိုင်သည်။

(၂) ဂရန်ရသူသည်၊ ဂရန်မူလအချိန်ကာလ အနက်ပဌမနှစ်မှတပါး၊ ကျန်နှစ်အသီးသီးတို့အတွက်၊ စာ ရင်း (ဂ) တွင်သတ်မှတ်ထားသည့်နှုန်းထက် မနည်းစေဘဲ၊ ပုံသေသတ်မှတ်ထားသည့်နှစ် စဉ်မြေငှါးခ ကိုလည်းပေးဆောင်ရမည်။ သို့ရာတွင် မည်သည့် ဂရန်ရသူမဆို၊ ဂရန်တခုတည်းအတွက် အကောက် တော်နှင့်ပုံသေမြေငှါးခ၊ နှစ်မျိုးလုံးကို မပေးမဆောင်စေရဘဲ၊ ၎င်းနှစ်မျိုးအနက် များရာတမျိုးမျိုးကို သာလျှင် ပေးဆောင်စေရမည်။

(၃) ဂရန်ရသူသည်၊ သတ္တုတွင်း တူးဖေါ်လုပ်ကိုင်ရေးအတွက် ၎င်းကအပေါ်ယံကို သာအသုံးပြုသော၊ သို့မဟုတ် လက်ရှိယူထားသော မြေအားလုံးအတွက် စာရင်း (ဃ) တွင်သတ်မှတ်ထားသည့် နှုန်းအတိုင်း မြေမျက်နှာပြင် ငှါးခကိုလည်း ပေးဆောင်ရမည်။

(၄) ဂရန်ရသူသည်၊ ၎င်း၏ဂရန်တွင်ဆက်တွဲပါရှိသော ပုံစံတွင် ဖေါ်ပြရမည့် နယ်နိမိတ်သတ်မှတ် ချက် နှင့်အညီ၊ နယ်နိမိတ်အမှတ်အသားနှင့် နယ်နိမိတ် တိုင်များကို၎င်းစရိတ်နှင့် စိုက်ထူ၍၊ အခါခပ်သိမ်း ပြုပြင်စောင့်ရှောက်ထားရမည်။

Myanmar Law Information System (MLIS)

(၅) ဂရန်ပေးထားသည့် မြေရာများပေါ်တွင် ဖြစ်စေ၊ ၎င်းတို့၏အပြင်အပတွင် ဖြစ်စေ၊ ဂရန်ကခွင့်ပြု သည့်အခွင့်အာဏာများ ကိုရွက်ဆောင်ရာတွင်၊ ဂရန်ရသူကြောင့် ဖြစ်သော ပျက်စီးမှု၊ နစ်နာမှု၊ သို့မဟုတ် မြေအခြေအနေပျက်ပြားမှုအား လုံးတို့အတွက်တရားဥပဒေနှင့် အညီတရားဝင်အာဏာပိုင် ကသတ်မှတ် သည့်အတိုင်းသင့်လျော်အောင် ပြုပြင်လျော်ကြေးပေးရမည်။ ထို့ပြင် ထိုသို့သောပျက်စီးမှု၊ နစ်နာမှု၊ သို့မ ဟုတ်အခြေအနေပျက်ပြားမှုများ နှင့်ပတ်သက်၍ တပါးသူတို့က အစိုးရထံသို့ ရလိုမှုတောင်းဆို ချက်များအ တွက်လိုက်ဆင် ရသူကအစိုးရ ကိုလျော်ကြေးလည်းပေးရမည်။

(၆) ဂရန်ရသူသည်၊ ဂရန်တွင် ပညတ်ထားသည့် သစ်ပင်တစုံတရာကို ခုတ်ဖြတ်ခြင်းသော် ၎င်း၊ အနာ တရဖြစ်အောင်သော်၎င်း မပြုမလုပ်ရ။

(၇) ဂရန်ရသူသည်၊ ဘုရင်ခံမင်းကြီး၏ အခွင့်ကိုတင်ရင်တောင်းယူ၍၊ ၎င်း၏ဂရန်ကိုသော်၎င်း၊ ထိုဂရန်ပါအကျိုးခံစားခွင့် တစုံတရာကိုသော်၎င်း၊ ခွဲဝေ၊ သို့မဟုတ်လွှဲပြောင်းပေးနိုင်သည်။ သို့ရာတွင် ထိုသို့ခွဲဝေ၊ လွှဲပြောင်းပေးခြင်းကို ပေးအပ်ပြီးသည့် နေ့ရက်မှ ပြက္ခဒိန်လ သုံးလအတွင်း၊ ကော်လိတ် တော်အရာရှိ၏ ရုံးတွင်ငွေငါးဆယ်ကျပ် အခပေးဆောင်၍ မှတ်ပုံတင်ရမည်။

(၈) ဤစည်းကမ်းချက်မှလွတ်ကင်းခွင့် ရရန်ဘုရင်ခံ မင်းကြီး၏ ဆုံးဖြတ်ချက်သည်၊ အဆုံးသတ် အတည်ဖြစ်စေ ရမည့်အကြောင်းရင်းလုံလောက်စွာ မရှိလျှင်၊ ဂရန်ရသူသည် ဂရန်ကိုစာချုပ်ဆိုသည့် နေ့ရက်မှတနှစ်အတွင်း လုပ်ငန်းများကို စတင်လုပ်ကိုင်၍၊ သတ္တုတွင်းအလုပ်နှင့်တူအောင် စည်းကမ်း စံနစ်ကျနကျင်လည်စွာ လုပ်ကိုင်သွားရမည်။ ဂရန်ရသူသည်၊ အဆိုပါအကြောင်းမျိုးမရှိဘဲ အနည်းဆုံးပုံ သေမြေငှါးခနှင့် တူမျှသော အကောက်တော်ရလောက်အောင် သတ္တုထွက်အောင် မလုပ်မကိုင်၊ သုံးနှစ်မှ ကျော်လွန်၍ အလုပ်အကိုင်ကို ရပ်တန့်ထားပါက၊ ယခုစည်းကမ်းချက်ကို ကျူးလွန်သည်ဟု ယူဆလိမ့်မည်။

**မှတ်ချက်**။ ။ ယခုစည်းကမ်းချက်ပဋ္ဌမပိုင်းအလို့ငှါ ဂရန်တွင်ပါရှိ သောမြေရာပေါ်တွင် မဟုတ်စေကာမူ၊ သတ္တုတွင်းလုပ်ကိုင်ရန် ကိစ္စအတွက်စက်ကိရိယာများ ဆင်ပြင်ခြင်း၊ သို့မဟုတ် သတ္တုတွင်းနှင့်ပတ်သက်၍ လမ်းဖေါက်ခြင်း၊ ရထားလမ်းခင်းခြင်းတို့ကို လုပ်ငန်းစရန် လုံလောက်သော လိုက်နာဆောင်ရွက်ချက်များ ဖြစ်သည်ဟု ယူဆလိမ့်မည်။

(၉) မြေကွက်တစုံတရာ ပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်း၌ဖြစ်စေ၊ သို့မဟုတ်ဂရန်ဖြင့် လွှဲပြောင်းပေးထား သောသတ္တုတွင်း များ၌ဖြစ်စေ၊ ဂရန်၌ဖေါ်ပြမထားသော သတ္တုမျိုးတစုံတရာ ကိုတွေ့ရှိလျှင်၊ ဂရန်ရသူ က ကော်လိတ်တော်အရာရှိ ထံသို့နှောင့်နှေးကြန့်ကြာ ခြင်းမရှိဘဲအစီရင်ခံရမည်။

(၁၀)ဂရန်အရသတ်မှတ်ထားသော၊ သို့မဟုတ် ပေးဆောင်ရမည်ဖြစ်သော အကောက်တော်ကို သော်၎င်း၊ မြေငှါးခကိုသော်၎င်း၊ ဂရန်၌ပေးဆောင် စေရန်ချိန်းဆိုသတ်မှတ်ထားသော နေ့ရက်နောက် နှစ်လအတွင်း မပေးမဆောင်ရှိခဲ့သော်၊ ဘုရင်ခံမင်းကြီးက၊ အဆိုပါအဆောက်အဦ တွင်းသို့ဝင်ရောက်၍၊ အတွင်းရှိ သတ္တု များကိုသော်၎င်း၊ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစုံတရာကိုသော်၎င်း သိမ်းယူ၍၊ ထိုသို့ သိမ်းယူသော ပစ္စည်းကိုသော်၎င်း၊ ရသင့်သောမြေငှါးခ၊ အကောက်တော်နှင့် တကွ၊ မပေးမဆောင်မှုကြောင့် ကုန်ကျရ



Myanmar Law Information System (MLIS)

သည့်စရိတ်စကအားလုံးတို့ အတွက်ကာမိစေလောက်အောင် သော်၎င်း၊ ရောင်းရန်အမိန့်ချမှတ် နိုင်သည်။ ထို့ပြင် ပေးဆောင်ရန်နေ့ရက် စေ့ရောက်ပြီးနောက်၊ ပြက္ခဒိန်လ ခြောက်လအတွင်း၊ အကောက်တော်အ တွက်ဖြစ်စေ၊ မြေငှါးခ အတွက်ဖြစ်စေ၊ မပြေမကျေ တစုံတရာကြွင်းကျန်ရှိ ခဲ့သော်ဘုရင်ခံ မင်းကြီးက ဂရန်ကိုရုပ်စဲစေ၍၊ ဂရန်တွင်ပါရှိသည့် အဆောက်အဦကိုသိမ်း ယူနိုင်သည်။

(၁၁) ဂရန်ရသူက၊ ဂရန်တွင်ပါရှိသည့် သဘောတူချက် တစုံတရာကိုဖြစ်စေ၊ စည်းကမ်းချက် တစုံတရာ ကိုဖြစ်စေ၊ ကျူးလွန်ဖေါက်ဖျက်ခဲ့သော်၊ ဘုရင်ခံမင်းကြီးက ဂရန်ကိုရုပ်စဲစေ၍၊ အဆိုပါ အဆောက်အဦ ကိုသိမ်းယူနိုင်သည်။ သို့မဟုတ် ၎င်းအစား၊ ဂရန်ရသူက မြေငှါးခပုံသေနှစ်ကြေး၏ နှစ်ဆထက်မပိုစေဘဲ၊ ဒဏ်ငွေဆောင်ခြင်းကို လက်ခံနိုင်သည်။

(၁၂) ဂရန်တွင်ပါရှိသည့် အချိန်ကာလကုန်ဆုံး သည့်အခါတွင် သော်၎င်း၊ ထိုအလျှင်ဂရန်ကို ရုပ်စဲစေ လျှင်သော်၎င်း၊ ဂရန်ရသူသည်၊ ဘုရင်ခံမင်းကြီးကစွန့်လွှတ်ခွင့် ပြုသည့်လုပ်ငန်းတစုံတရာ နှင့်ပတ်သက် ၍မှတပါး၊ အဆိုပါအဆောက်အဦများနှင့်တကွ၊ (တူးဖေါ်ထားပြီးရှိလျှင်) သတ္တုတွင်းအား လုံးတို့ကို နည်းလမ်းတကျ အလုပ်နှင့်တူသော အခြေအနေဖြင့် အပ်နှင်းရမည်။

(၁၃) ဂရန်ပေးထားသော မြေပေါ်၌သော်၎င်း၊ ဂရန်ရသူ၏ လက်အောက်တွင် ရှိသောမြေပေါ်၌ သော်၎င်း၊ ရှိသောသတ္တုများကို မည်သည့် အချိန်တွင် မဆိုဘုရင်ခံ မင်းကြီးကလက်ဦးဝယ် ယူပိုင်ခွင့် ရှိရမည်။ သို့ရာတွင် လက်ဦးဝယ်ယူပိုင်ခွင့်ဖြင့် ရယူထားသောသတ္တု အားလုံးတို့အတွက် လိုက်ဆင်ရသူ ကိုသင့်လျော်သော ပေါက်ဈေးပေးရမည်။

(၁၄) ဂရန်ပေးထားသော သတ္တုတွင်းများ၊ သတ္တုများနှင့်စပ်လျဉ်း၍သော်၎င်း၊ အဆိုပါသတ္တုတွင်းများ၊ သတ္တုများကိုလုပ်ကိုင်ခြင်း၊ မလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ ဂရန်အရသတ်မှတ်ထားသည့်၊ သို့မဟုတ် ပေးဆောင်ရမည့် အကောက်တော်၊ မြေငှါးခနှင့် စပ်လျဉ်း၍သော်၎င်း၊ အကောက်တော်၊ မြေ ငှါးခပေးဆောင်မှုနှင့် စပ်လျဉ်းသော်၎င်း၊ ငြင်းခုံမှုတစုံတရာ ပေါ်ပေါက်ခဲ့သော်၊ ဘုရင်ခံမင်းကြီးကဆုံးဖြတ်၍၊ ထိုဆုံးဖြတ်ချက်သည် အဆုံးသတ်အတည် ဖြစ်စေရမည်။

သို့ရာတွင် စစ်အတွင်း၌သော်၎င်း၊ နိုင်ငံမှုအရေးတကြီးကိစ္စ ပေါ်ပေါက်သည့် အချိန်အတွင်း၌သော်၎င်း၊ ဘုရင်ခံ မင်းကြီးသိမ်းယူ၊ သို့မဟုတ်အုပ်ချုပ်ထားသည့် သတ္တုတွင်းများနှင့်မြေများတွင်မှတပါး၊ ဘုရင်ခံမင်းကြီးက လက်ဦးဝယ်ယူပိုင်ခွင့် ဖြင့်ဝယ်ယူသော သတ္တုများအတွက်အဘိုးနှုန်းထားနှင့်ပတ်သက်၍ ငြင်းခုံမှု တစုံတရာဖြစ်ပွါးခဲ့သော်၊ ထိုငြင်းခုံမှုကို ဘုရင်ခံမင်းကြီးတင်မြှောက်သူ တယောက်၊ လိုက်ဆင်ရသူက တင်မြှောက်သူတယောက်၊ ခုံလူကြီးနှစ်ယောက်တို့က ဆုံးဖြတ်စေမည်။ သို့မဟုတ် ခုံလူကြီးများသဘော ကွဲလွဲချက်ရှိခဲ့သော်၊ ခုံသမာဓိကဆုံးဖြတ်မှုကိုစတင် မပြုမလုပ်သေးမီခုံ လူကြီးတို့ကိုယ်တိုင် စာဖြင့်ရေး၍ ခန့်အပ်သောဒိုင်လူကြီး တဦးကဆုံးဖြတ်ရမည်။ ထိုသို့သော ခုံလူကြီးများ၏၊ သို့မဟုတ် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

Myanmar Law Information System (MLIS)

၅၂။ ။ ဂရန်ရသူသည်၊ မည်သည့် အချိန်တွင်မဆို၊ ကော်လိတ်တော်အရာရှိထံ၊ ပြက္ခဒိန်လ တဆယ့်နှစ်လ ထက်မနည်း ကြိုတင်စာဖြင့်နို့တစ်ပေး၍၊ ဂရန်ကိုရပ်စဲ စေခွင့်ရှိသည်။ ဤသို့နို့ တစ်ပေးရက်ကုန်ဆုံး သည့်အခါ၊ ဂရန်နှင့်ပတ်သက်၍ ပေးဆောင်ရန်ရှိသည့် ငွေအားလုံးကို ကျေလည်အောင် ပေးဆောင်ပြီး ဖြစ်လျှင်၊ဂရန်ကို ရပ်စဲစေရမည်။ ဂရန်ရသူသည်၊ မိမိ၏အခွင့်အရေး အလျောက်၊ ဂရန်ကို ရပ်စဲလိုက် သည့်အခါ၊ ၎င်းသည်မူလဂရန်တွင် ပါဝင်သောမြေ၏ တစိတ်တဒေသအတွက် ဂရန်သစ် တောင်းဆို ခြင်းကိုသာမန် အားဖြင့်ထုတ်ပေး လိမ့်မည်မဟုတ်။

၅၃ မှ ၆၀ အထိ မရှိ။

## အပိုင်း ၅။ ။ သီးသန့်သတ်မှတ်ထား သည့်သတ္တုတွင်း မြေများ။

၆၁။ ။ (၁) တစုံတခုသော မြေကွက်တွင် သံဖြူ သို့မဟုတ် ဂူး(လ်) ဖရန်ခေါ် အဖြုက်နက်များရှိသော် လည်း၊ ထိုမြေကိုသတ္တုတွင်းတူးဖေါ်ရန် ဂရန်ထုတ်ပေး လျက်မလုပ်ကိုင်သင့်ဟု ဘုရင်ခံ မင်းကြီးသည် ယူဆပါက၊ ထိုမြေတကွက် လုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ သီးသန့်သတ်မှတ်ထား သည့်သတ္တု တွင်းမြေဟုအစိုးရပြန်တမ်းတွင်ကျေ ညာနိုင်သည်။

(၂) ထိုကဲ့သို့ သောမြေကို ကျေညာရာဝယ်ဘုရင်ခံ မင်းကြီးသည် အဆိုပါပြန်တမ်းတွင် သော်၎င်း၊ နောက်မှ ထုတ်ပြန်သည့် ပြန်တမ်းတွင် သော်၎င်း၊ ထိုမြေ၏နယ် နိမိတ်ကိုကန့်သတ်နိုင်သည်။ ထို့ပြင် မည်သည့် အချိန်အခါမဆို အဆိုပါနည်းအရ တော်သင့်သလောက် နို့တစ်ပေးလျက် တိုးချဲ့ခြင်း၊ လျော့ပေါ့ ခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် ပြုပြင်ပြောင်းလဲ ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(၃) သီးသန့်သတ်မှတ် ထားသည့် သတ္တုတွင်းမြေတွင် သတ္တုရှာဖွေရန်လိုက်ဆင်ကို သော်၎င်း၊ သတ္တု တွင်းတူးဖေါ်ရန် ဂရန်ကိုသော်၎င်း ထုတ်ပေးခြင်းမရှိစေရ။

## စက်ဝိုင်းလိုက်ဆင်များ

၆၂။ ။ (၁) သီးသန့်သတ်မှတ်ထားသည့် သတ္တုတွင်းမြေကွက် တကွက်လုံးဖြစ်စေ၊ တစိတ်တဒေသဖြစ် စေ၊ တည်ရှိသာ စီရင်စုနယ်ရှိ ကော်လိတ်တော်အရာရှိ သည်နည်းဥပဒေ ၅ ပါ စည်းကမ်းချက် တို့ကို ထောက်ထားပြီး သကာလ ဘဏ္ဍာတော်မင်းကြီးက ညွှန်ကြားသတ်မှတ် သည့်ပုံစံအရ၊ လျှောက်လွှာတင် သွင်းသူအား စက်ဝိုင်းလိုက်ဆင် တခုဖြစ်စေ၊ ပိုမို၍ဖြစ်စေ ထုတ်ပေးနိုင်သည်။ ထိုကဲ့သို့ စက်ဝိုင်းလိုက် ဆင်မည်၍မည်မျှထုတ်ပေး သင့်သည်ကို ကော်လိတ်တော်အရာရှိ သည်လျှောက်ထားသူ ၏ရည်ရွယ်ချက် နှင့်အမှန်စင်စစ်လုပ်ကိုင်နိုင်သည့် အခြေအနေ ရှိမရှိကို ထောက်ထားလျက် ဆုံးဖြတ်ရမည်။

သို့သော် အောက်တွင်ဖေါ်ပြထားသော လူမျိုးကိုစက်ဝိုင်း လိုက်ဆင်ထုတ် ပေးခြင်းမပြုရ-

(က) အသက် (၁၈) နှစ်မပြည့်သေးသူ။

(ခ) ဤနည်းဥပဒေ တို့ကိုမဘတ်နိုင်သူဖြစ်စေ၊ ကော်လိတ်တော်၏ သဘောအရ နားလည်နိုင်မည့် အခြေအနေမရှိသူ ဖြစ်စေ။

(ဂ) စီရင်စုနယ် တခုခုတွင် နှစ်မစေ့ကုန်သေးသော သတ္တုတွင်းတူးဖေါ်ရန် ဂရန်ရရှိပြီးဖြစ်သူ၊ သတ္တု တွင်းတူးဖေါ်ရန်ဂရန် ထုတ်ပေးစေသော၄ါ အမိန့်ဆိုင်ရှင် ရရှိပြီးဖြစ်သူ။



Myanmar Law Information System (MLIS)

ထို့ပြင် အထက်ပါအချက်များအရ မငြိစွမ်းသော်လည်း၊ (ဖ) လထက်ကျော်လွန် သောထောင်ဒဏ် ကျစေ နိုင်သည့် ပြစ်မှုကျူးလွန်သဖြင့် အပြစ်ရရှိဘူးသူ တဦးတယောက် သို့ဖြစ်စေ၊ စက်ဝိုင်းလိုက်ဆင် သို့မဟုတ် သတ္တုရှာဖွေရန် လိုက်ဆင်၊ သို့မဟုတ် သတ္တုတူးဖေါ်ရန် ဂရန်ကိုဖျက်ဆီးရုပ်သိမ်းခြင်း ခံရသူ ဖြစ်စေ၊ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့်ကို အသစ်လဲလှယ်ခွင့်ကို မရသူဖြစ်စေ၊ ကော်လိတ်တော် အရာရှိ သည်စက်ဝိုင်း လိုက်ဆင်ထုတ်ပေးခြင်း ကိုငြင်းပယ်နိုင်သည်။

(၂) ကော်လိတ်တော်အရာရှိကမိမိ လိုအပ်သည်ဟု သဘောရရှိသည့်အတိုင်း လျှောက်သူ မှန်ကြောင်း သက်သေခံ အထောက်အထားတင် ပြစေရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

၆၃။ ။ စက်ဝိုင်းလိုက်ဆင် လျှောက်ထားသူ အသီးသီးတို့သည်၊ ထိုသို့သောလိုက်ဆင်ကို ထုတ်မပေးသေးမီ၊ ယခုနည်းဥပဒေများကို လိုက်နာရေးအာမခံအဖြစ်ဖြင့် လိုက်ဆင်တခုလျှင် ငွေ ၂၅ ကျပ် ကျတင်သွင်းထားရမည်။ စက်ဝိုင်းလိုက်ဆင်ကို ပြန်အပ်သည့်အခါတွင်သော်၎င်း၊ ရုပ်သိမ်းသည့်အခါတွင်သော်၎င်း၊ တင် သွင်းထားသည့် ငွေမှကော်လိတ် တော်အရာရှိအမိန့် ချမှတ်သည့်အတိုင်း မြေမျက်နှာ ပြင်ပျက်စီးမှုဒဏ်ငွေ၊ သို့မဟုတ် အခြားနည်းနုတ်ယူပြီး နောက်ကျန်ငွေကို တင်သွင်းသူသို့ ပြန်ပေးလိမ့်မည်။

၆၄။ ။ စက်ဝိုင်းလိုက်ဆင်မှာ ၎င်းကို ထုတ်ပေးသည့်စီရင် စုအတွင်း မြေတကွက်အတွက် တကြိမ်သာ လျှင်အတည်ဖြစ်၍၊ ယခုနည်းဥပဒေများပါ စည်းကမ်းချက်များနှင့် အညီရုပ်သိမ်း၊ သို့မဟုတ်ပြန်အပ် သည့်အခါတွင်သော်၎င်း၊ တင်ရင်ပေးဆောင်ထား သောအခတွက် အချိန်ကာလကုန်ဆုံး သည့်အခါ တွင်သော်၎င်း၊ အတည်ဖြစ်ခြင်းမှ ရုပ်စဲ လိမ့်မည်။

၆၅။ ။ စက်ဝိုင်းလိုက်ဆင်တခုလျှင် လိုက်ဆင်ခမှာ ပြက္ခဒိန် နှစ်တနှစ်၊ သို့မဟုတ် နှစ်၏တစိတ်တဒေသ အတွက် ၂၄ ကျပ် ကျစီဖြစ်၍၊ အခကိုတင်ရင် ပေးဆောင်ရမည်။ သို့ရာတွင် စက်ဝိုင်းလိုက်ဆင်ကို ဩဂုတ်လ ၁ ရက်နေ့မတိုင်မီ (ရုပ်သိမ်းခြင်းမဟုတ်ဘဲ) ပြန်အပ်သည်ဖြစ်၍ လိုက်ဆင်ရသူက ယခုနည်းဥပဒေ များတွင်ပါရှိသည့် စည်းကမ်းများအတိုင်း လိုက်နာရွက်ဆောင်ပြီးဖြစ်လျှင်၊ ကော်လိတ်တော်အရာရှိက အခတဝက်ကို ပြန်ပေးရမည်။ ထို့ပြင် ဇူလိုင်လ ၃၁ ရက်နေ့ နောက်မှစက်ဝိုင်းလိုက်ဆင်ကို ထုတ်ပေးခြင်းဖြစ်လျှင် လိုက်ဆင်ခတဝက်ကိုသာ ပေးဆောင်စေရမည်။

၆၆။ ။လိုက်ဆင်ရသူသည်၊အောက်ပါ စည်းကမ်းတရပ်ရပ် ကိုကျူးလွန်လျှင်ကော်လိတ် တော်အရာရှိ က လိုက်ဆင်ရသူအား အဘယ်ကြောင့် လိုက်ဆင်မရုပ်သိမ်း သင့်သည်ကို အကြောင်းပြစေရန် သင့်လျော် စွာခွင့်ပေးပြီးနောက်၊ ၎င်းကိုယ်တိုင် ထုတ်ပေးသော လိုက်ဆင်ကိုသော်၎င်း၊ ၎င်းအလျင်ရာထူး ထမ်းရွက် သွားသည့် အရာရှိကထုတ် ပေးသွားသော လိုက်ဆင်ကိုသော်၎င်း၊ ရုပ်သိမ်းနိုင်သည်-

(က)ယခုဥပဒေများ ကိုတစုံတရာကျူးလွန်ဖေါက်ဖျက် ခြင်း။

(ခ) ဒေဝါလီဖြစ်ခြင်း၊ သို့မဟုတ်စိတ်မနှံ့ခြင်း။

(ဂ) ခြောက်လထက် ကျော်လွန်သော အကျဉ်းထောင်ဒဏ် ပေးနိုင်သည့်ပြစ်မှု ထင်ရှားပြစ်ဒဏ် ခံရ ခြင်း။ သို့မဟုတ်

Myanmar Law Information System (MLIS)

(ဃ) မဟုတ်မမှန်ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ၊ ပြောဆိုလျှောက်ထားခြင်းဖြင့် သော်၎င်း၊ အကြောင်းခြင်း ရာများကို ထိမ်ချန်ဝှက် ထားခြင်းဖြင့် သော်၎င်း၊ စက်ဝိုင်းလိုက်ဆင်ကိုဖြစ်စေ၊ မြေကွက် မှတ်ပုံတင်မှု ကိုဖြစ်စေ ရယူခြင်း၊ သို့မဟုတ် ရယူရန်ကြံစည်အားထုတ်ခြင်း။

၆၇။ ။ စက်ဝိုင်းလိုက်ဆင် တစုံတရာသည်၊ အတည်ဖြစ်ခြင်း မှရပ်စဲသွားသည့် အခါ၎င်းလိုက်ဆင် ကိုထုတ်ပေးသည့်ရုံးသို့ ပြန်အပ်သည့်နေ့ထိ လိုက်ဆင်ရသူအား အတည်မဖြစ်သည့်ရက်များအတွက် တရက်လျှင် ၁ ကျပ် ကျဒဏ်ငွေ တပ်ရိုက်နိုင်သည်။

သို့ရာတွင် ကော်လိတ်တော်အရာရှိက အကြောင်းပြချက်များကို စာဖြင့်ရေးသား မှတ်တမ်းတင်၍ ထိုသို့ ဒဏ်ငွေတပ်ရိုက်ခြင်းကိုပလပ်၊ သို့မဟုတ် လျှော့ပေါ့ပေးနိုင်သည်။

၆၈။ ။ စက်ဝိုင်းလိုက်ဆင်ကို လိုက်ဆင်ရသူထံမှ အခြားတစုံတယောက်သို့ လွှဲပြောင်းပေးခြင်းမပြုရ။

## မြေကွက်များ။

၆၉။ ။ နည်းဥပဒေ ၆၂ အရထုတ် ပေးသည် အတည်ဖြစ်ဆဲစက်ဝိုင်း လိုက်ဆင်ရရှိ ထားသူမည်သူမဆို သီးသန့်သတ်မှတ် ထားသည့် သတ္တုတွင်း မြေတစုံတရာ အတွင်း၌မြေကွက်ရိုက် ယူနိုင်သည်။ ယခုနည်း ဥပဒေများ အရမြေကွက်မှတ်ပုံတင် ခြင်းကိုဖျက်သိမ်းသည့် အခါစက်ဝိုင်းလိုက်ဆင် သည်အတည်ဖြစ်ဆဲ ရှိလျှင် ၎င်းကို အခြားမြေကွက်ရိုက်ယူခွင့် အမိန့်အဖြစ်အသုံးပြုနိုင်သည်။

၇၀။ ။ မူလရှိရင်းဖြစ်သော ရေစီးကြောင်း၊ သို့မဟုတ် ရေမြောင်းမှ ၂၅ ပေအတွင်းအကွက် ရိုက်ခြင်းမပြု ရ။

၇၁။ ။ လိုက်ဆင်ရသူတယောက်လျှင်၊ တဆက်တည်းပြု၍ မြေကွက်လေးကွက် ထက်ပိုမိုရိုက်ယူခြင်း မပြုရ။ လိုက်ဆင်ရသူ တယောက်တည်း ကရိုက်ယူသော မြေနှစ်ကွက် သည်တစပ်တည်းဖြစ်နေ လျှင်၊ ထောင့်မှတ်တိုင် နှစ်တိုင်၊ အတူတူရှိရမည်။ လိုက်ဆင်ရသူ တယောက်တည်း ကရိုက်ယူသောမြေကွက်နှစ် ကွက်သည်တစပ်တည်း မဟုတ်လျှင်၊ ထိုအကွက်များ၏ အချင်းချင်း အနည်းဆုံး အပိုင်းများသည်၊ တပိုင်းနှင့် တပိုင်း အနည်းဆုံးပေ ၃၀၀ ကွာစေရမည်။

၇၂။ ။အကွက်ရိုက်မှု အတွက် အောက်ပါစည်းကမ်းကိုလိုက်နာ ရမည်-

(၁) မြေကွက်၏ ပုံသဏ္ဍာန်မှာ လေးဘက်ညီစတုရန်းဖြစ်၍၊ မြေပေါ်အတိုင်းအတာမှာ တဘက်လျှင်၊ ပေ ၃၀၀ ကျရှိရမည်။

(၂) မြေကွက် ထောင့်လေးထောင့် တွင်မှတ်တိုင်များ စိုက်ထူ ထားရမည်။ မှတ်တိုင်မှာအမြင့် ၅ပေ၊ အချင်း ၄ လက်မ၊ သို့မဟုတ် ၄ လက်မစတုရန်း ထက် မငယ်စေရ၊ ၎င်းကိုအမြင့် ၃ ပေထက်မနည်း၊ အောက်ခြေစတုရန်း ၄ပေထက် မနည်းသော မြေပုံဖြင့်ဖြစ်စေ၊ ကျောက်ပုံဖြင့် ဖြစ်စေ ထူမတ်ထားရမည်။ မှတ်တိုင် တတိုင်စီတွင် ဘေးနှစ် ဘက်နယ်နိမိတ်တလျှောက် ၁၀ ပေစီ၊ စောက် ၁ ပေ၊ အကျယ် ၁ ပေ ထက်မနည်း သောမြောင်းတမြောင်း တူးထားရမည်။ အကယ်၍ မြောင်းတူးရန် မလွယ် လျှင်မှတ်တိုင် တတိုင်စီဘေး နှစ်ဘက်၌ ၁၀ ပေအထိ၊အလွယ်တကူနှင့် ပြောင်းရွှေ့မရနိုင်လောက် အောင် လေးလံ သောကျောက်တုံးများစီ ချ၍၊ နယ်နိမိတ် အမှတ်အသားပြု ထား ရမည်။

မှတ်တိုင် တခုစီတွင်၊ စက်ဝိုင်းလိုက်ဆင်နံပါတ်ကို ပြီသစွာ ကမ္ပည်းထိုးထားရမည်။



Myanmar Law Information System (MLIS)

(၃) ထောင့်တိုင်တတိုင် ကိုအထူးမှတ်တိုင်အဖြစ် ဖြင့်ရွေးချယ်၍၊ ၎င်းတွင်စက်ဝိုင်းလိုက်ဆင် ကိုမြေ ကွက်ဘက်သို့ မျက်နှာပြု၍ မြဲစွာ တပ်ထားရမည်။

(၄) အထူးမှတ်တိုင်တွင်၊ အောက်ပါအကြောင်းအရာများ ပါရှိသော ပျဉ်ချပ်ဖြစ်စေ၊ သံပြား ဖြစ်စေကပ် ထားရမည်-

(က) လိုက်စင်ရသူ၏ အမည်။

(ခ) မှတ်တိုင်စိုက်သည့်ရက်စွဲ၊ နှင့်

(ဂ) ၎င်းထောင့်တိုင်မှ ဘေးနှစ်ဘက်နယ်နိမိတ် အကွာအဝေးအတိုင်းအထွာ။

(၅) အထူးထောင့်တိုင် စိုက်မည့်နေရာကို အနီးအနား၌ ထာဝရအမှတ် အသားအနည်းဆုံးထား၍ သတ် မှတ် ရမည်။ အဆိုပါ အထူးထောင့် တိုင်မှထိုအမှတ်အသား သို့ အလားအလာနှင့်အကွာအဝေး တို့ကိုတခု စီမှတ်တမ်းတင်ထားရမည်။

(၆) ကော်လိတ်တော် အရာရှိ ကဖြစ်စေ၊ ၎င်းက အခွင့်အာဏာပေး အပ်သောအရာရှိကဖြစ်စေ၊ မြေကွက် ၏အရွယ်ပမာဏ ကိုတိုင်းတာနိုင်သည်။ လိုက်ဆင်ရသူက၊ ၎င်းရခွင့်ရှိသည့် မြေထက်ပို၍ အကွက်ရိုက် ထားသည် ကိုတွေ့ လျှင်၊၎င်း ကမြေကွက်နယ်နိမိတ်များ ကိုမည်သို့ပြင်ဆင် ရမည်ဟု ညွှန်ကြားအမိန့် ပေးနိုင်သည်။

၇၃။ ။ လိုက်ဆင်ရသူသည်၊ မြေကွက်ရိုက်ပြီး သည့်နေ့ရက်နောက် ၁၅ ရက်ထက်မလွန်စေဘဲ၊ အမြန်ဆုံး မြေကွက်မှတ်ပုံတင် ရေးအတွက် ဘဏ္ဍာတော်မင်းကြီး ကညွှန်ကြား သည့်နည်းအတိုင်း၊ ကော်လိတ် တော်အရာရှိ ထံသို့လျှောက်ထားရမည်။

၇၄။ ။နည်းဥပဒေ ၈ အရလိုအပ်သည့် အတိုင်း၊ လျှောက်လွှာရကြောင်းပြန်ကြားစာ ပေးပြီးနောက်၊ ကော်လိတ်တော်အရာရှိက၊ မြေကွက် ကိုလိုက်ဆင်ရသူ၏အမည် နှင့်မှတ်ပုံတင် ခြင်းကိုကန့်ကွက်လိုက ကန့်ကွက် ကြစေရန် ၁၅ ရက် ထက်မနည်းသောနို့ တစ်များထုတ်ပြန်ရမည်။ ကန့်ကွက်ချက်တစုံတရာရ ရှိလျှင်၊ ကော်လိတ်တော်အရာရှိက လျှောက်ထားသူနှင့် ကန့်ကွက်သူအားလုံးတို့၏ လျှောက်လဲချက်များ ကိုကြားနာပြီးလျှင်၊ ကန့်ကွက် ချက်များကိုလက်ခံသင့်၊ သို့မဟုတ် ပယ်ချသင့်ဆုံးဖြတ် ရမည်။ ကန့်ကွက်ချက် တစုံတရာကို လက်ခံလျှင်၊ ကော်လိတ်တော်အရာရှိ က၊ မြေကွက်မှတ်ပုံတင် မှုကို ငြင်းပယ်နိုင်သည်။

အကယ်၍ ကန့်ကွက်သူမရှိလျှင်၊ သို့မဟုတ် ကန့်ကွက်ချက်အားလုံးကို ပယ်ချလျှင်၎င်းကမြေကွက် ကို မှတ်ပုံတင်နိုင်သည်။

၇၅။ ။ မြေကွက်ပိုင်သူသည်၊ ရုံဖန်ရုံခါ ပြင်ဆင်သည့်အတိုင်း ဖြစ်သော ဤနည်းဥပဒေများ အပိုင်း ၅ နှင့် ၆ တွင်ပါရှိသည့် စည်းကမ်းချက်များ ကိုနာခံ၍၊ ၎င်းပိုင်မြေကွက်အတွင်း၊ မြေမျက်နှာပြင်အောက် ပေ ၅ဝ ထက်မနက်စေဘဲ၊ မြေပေါ်တူးဖေါ်သည့် နည်းဖြင့်သံဖြူနှင့်ဝူး (လ်) ဖရန်ခေါ်အဖြိုက်နက် သတ္တု များအတွက် တဦးတည်းရှာဖွေတူးဖေါ်လုပ်ကိုင်၍၊ တွေ့ရှိသည့် သတ္တုများကို ယူဆောင်သွားခွင့် ရသည်၊ သို့သော် လည်းမြေအောက်လှိုဏ်ခေါင်းဖေါက်နည်းဖြင့် လုပ်ကိုင် ခွင့်မှုကားမရချေ။

၇၆။ ။ မပါ။

၇၇။ ။ မြေကွက်ပိုင်သူသည်။ ၎င်းပိုင်မြေကွက် အတွင်း၊ယခုနည်း ဥပဒေများအပိုင်း ၅ နှင့်၆ တွင်ပါရှိ သည့် စည်းကမ်းချက်များကိုနာခံ၍၊ အောက်ပါအမှုများ ကို ပြုလုပ်နိုင်သည်-

Myanmar Law Information System (MLIS)

(က) ၎င်းအတွက်၊ ၎င်း၏ကိုယ်စားလှယ်များ အစေခံများနှင့် အလုပ်သမားများအတွက် နေအိမ်များ၊ အဆောက်အဦးများနှင့် အခြားလိုအပ်သည့် အဆောက်အဦးများကို ဆောက်လုပ်ပြုပြင်ထား ရှိနိုင်သည်။

(ခ) သတ္တုတွင်းထွက် ပစ္စည်းတစုံတရာကို စုပုံ၊ သို့မဟုတ် သိုလှောင်ထားနိုင်မည်။

(ဂ) ရေပြွန်ချခြင်း၊ ရေမြောင်းဖေါက်ခြင်း၊ ရေကြောင်းဖေါက်ခြင်း၊ ရေကန်တူးဖေါ်ခြင်း၊ တာဆည်ခြင်း၊ ရေလှောင်ကန်ပြုလုပ်ခြင်း၊ မြေကွက်ပေါ်ရှိ၊ သို့မဟုတ် မြေကွက်ကို ဖြတ်စီးသည့် ရေကြောင်းမှ ရေလွှဲခြင်း၊ အခြားရေတစုံတရာကို လွှဲယူခြင်းတို့ကို မြေတကွက်လျှင် အများဆုံး ရေချိန်နှစ် ကျူးဆက်အထိ ပြုလုပ်နိုင်သည်။ သို့ရာတွင်-

(၁) လွှဲယူသည့် ရေဟူသရွေ့ကို မူလရေကြောင်းသို့ပြန်၍ ဆင်းစေရမည်။

(၂) နဂိုရ်ရှိတည်ရှိသည့် ရေကိုသုံးခွင့်ရရှိထားသည့် မူလအခွင့်အရေးတစုံတရာကို အနှောင့်အယှက် မဖြစ်စေရ။

(ဃ) လမ်းများအဆက်အသွယ်များနှင့် လွယ်ကူမှုအားလုံးတို့ကို လိုသည့်အတိုင်း ဖေါက်လုပ်ထူထောင် ပြုပြင်ထားရှိရမည်။ ထို့ပြင်

(င) တောချုံပုပ္ပေါင်းတို့ကို ရှင်းလင်းသုတ်သင်ရမည်။

၇၈။ ။မြေကွက်ပိုင်သူသည်၊ ကော်လိတ်တော်အရာရှိထံမှ သော်၎င်း၊ ကော်လိတ်တော်အရာရှိက အခွင့် အာဏာပေးအပ်ထားသော အရာရှိထံ မှသော်၎င်း၊ ဆိုင်ရာကိစ္စအတွက် အခွင့်မရဘဲ-

(က) သစ်၊ သို့မဟုတ် သစ်ပင် တစုံတရာကိုခုတ်ဖြတ်၊ အနာတရဖြစ်အောင်မပြုရ။

(ခ) အများပြည်သူဆိုင်ရာလမ်း၊ မီးရထားလမ်း၊ရေလှောင်ကန်၊တူးမြောင်း၊ အများပြည်သူဆိုင်ရာ လုပ်ငန်း အဆောက်အဦ၊ လူနေမြေကွက်၊ စိုက်ပျိုးလုပ်ကိုင်သည့် မြေကွက်၊ မီးသင်္ဂြိုဟ်ရာမြေ၊ သို့မဟုတ် သင်္ချိုင်းမြေ၊ သို့မဟုတ် လူစုတစုံတရာက အမြင့်အမြတ် ထားသည့် မြေကို ပျက်စီးစေမည့် အမှုတစုံတရာကို မပြုမလုပ်ရ။ ထို့ပြင် ရေတွင်း၊ ရေကန် သွားလာမြဲလမ်းကြောင်း များကို အနှောင့် အ ယှက်ဖြစ်စေ မည့်အမှု တစုံတရာကို မပြုမလုပ်ရ။ အဆိုပါအနာတရ ဖြစ်မှု၊ ပျက်စီးမှု၊ သို့မဟုတ် နှောင့်ယှက်မှုမျိုး ဖြစ်ပွါးလျှင်၊ ၎င်းက သင့်လျော်သော လျော်ကြေးကို ပေးရလိမ့်မည်။ လျော်ကြေးနှင့်ပတ်သက်၍ ငြင်းခုံမှုရှိလျှင်၊ ကော်လိတ် တော်အရာရှိ ကဆုံးဖြတ်လိမ့်မည်။

၇၉။ ။ မြေကွက်ပိုင်သူသည်၊ ၎င်း၏မြေကွက်တွင်ရရှိ ၍ယူဆောင်သွားသည့် သံဖြူနှင့်ဝုဖ(လ်) ဖရန်ခေါ် အဖြိုက်နက်ကျောက်အားလုံးတို့အတွက် စာရင်း (က) တွင်သတ်မှတ်ထားသည့်နှုန်းများအတိုင်း အကောက်တော်ပေးဆောင်ရမည်။

၈၀။ ။မြေကွက်ပိုင်သူ အသီးသီးတို့သည်၊ မိမိပိုင်မြေကွက်တွင်သော်၎င်း၊ ၎င်း၏အမည်နှင့် မှတ်ပုံတင်သွင်းထားသော နံစပ်မြေနှစ်ကွက်၊ သို့မဟုတ် နှစ်ကွက်ကျော်တနေရာရာတွင် သော်၎င်း၊ အလေးမှန်သောကတ္တားတခုစီထား၍၊ အနည်းဆုံးရက်သတ္တတပတ် တကြိမ်ကျ၊ ၎င်း၏မြေကွက်၊ သို့မဟုတ်မြေကွက်များ မှရရှိသောသတ္တုများကို အခြားသို့ယူမသွားမီ အဆိုပါကတ္တားနှင့်ချိန်စေ၍၊ အခြင် အတွယ်များကို ၎င်း၏စာရင်းစာအုပ်များ၌ ရေးမှတ်ထားရမည်။

**မြေကွက်လွှဲပြောင်းပေးမှု။**

၈၁။ ။ မြေကွက် ပိုင်သူသည်၊ တင်ရင်ရယူသော ဘုရင်ခံမင်းကြီး၏ အခွင့်နှင့်အတည်ဖြစ်ဆဲ စက်ဝိုင်း လိုက်ဆင်ရရှိထားသူသို့ လွှဲပြောင်းပေးခြင်းမှတပါး၊ မြေကွက်တစုံတရာကိုသော်ငှင်း၊ ထိုမြေကွက်နှင့် ပတ်သက်သော အခွင့်အရေး၊ အကျိုးခံစားမှုတစုံတရာကိုသော်ငှင်း၊ လွှဲပြောင်းပေးခြင်းသော်ငှင်း၊ ကိုယ်စားလွှဲအပ်ခြင်းသော်ငှင်း မပြုမလုပ်ရ။ ထိုသို့လွှဲပြောင်းပေးခြင်း၊ ကိုယ်စားလွှဲအပ်ခြင်း အသီးသီးတို့ကို ပြုလုပ်ပြီးစီးသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း ကော်လိတ်တော် အရာရှိ၏ရုံးတွင်၊ အခငွေ ကျပ် ၁၀ ပေးဆောင်၍ မှတ်ပုံတင်သွင်းရမည်။

## မြေကွက်များကို တလုံးတပေါင်းတည်းပြုလုပ်မှု။

၈၂။ ။နံစပ်မြေကွက် နှစ်ကွက်ဖြစ်စေ၊ နှစ်ကွက်ထက်ပို၍ဖြစ်စေ ပိုင်သူတို့သည်၊ ၎င်းတို့ပိုင်မြေကွက်များ ကိုသီးသန့်ထားသည့် သတ္တုတွင်းမြေ အဖြစ်မှ ထုတ်ပယ်ပြီးလျှင်၊ အဆိုပါမြေကွက်တို့ကို တလုံးတပေါင်း တည်းပြု၍၊ လျှောက်ထားသူ တယောက်သို့ဖြစ်စေ၊ တယောက်ထက်ပိုသူများသို့ ဖြစ်စေ၊ လုံးပေါင်းမြေ အားလုံးအတွက် (နည်းဥပဒေ ၁၆ တွင်ပါရှိသည့် စည်းကမ်းချက်များကို နာခံလျက်) သတ္တုရှာဖွေ ခွင့် လိုက်ဆင်တခုကိုသော်ငှင်း၊ သတ္တုတွင်းဂရန်တခုကို သော်ငှင်းထုတ်ပေးရန် ကော်လိတ်တော် အရာရှိထံ လျှောက်ထားနိုင်သည်။ ထိုကိစ္စအတွက် တင်သွင်းသည့် လျှောက်လွှာအသီးသီး တို့တွင် သတ္တုရှာဖွေ ခွင့် လိုက်ဆင်၊ သို့မဟုတ် သတ္တုတွင်းဂရန် ၌ဖြစ်စေ၊အရဖြစ်စေ၊ လျှောက်ထားသူအသီးသီးတို့ ရလိုသည့် အ ကျိုးခံစားခွင့် ၊သို့မဟုတ် အစုရှယ် ယာအပြင်၊ ၎င်းတို့အသီးသီးအားလျော် ကြေးအဖြစ်၊ သို့မဟုတ် အခြားနည်းပေးရမည့် ငွေကို အတိအကျ မှန်ကန်စွာ ဖေါ်ပြရမည်။ ထိုသို့ကြံရွယ်သောအစီအစဉ် တစုံတရာ မှာသတ္တုတွင်း ဂရန်ကိုခွဲဝေပေးမှု ကဲ့သို့ပင် နည်းဥပဒေ ၄၆ တွင်ပါရှိသည့် စည်းကမ်းချက်များ နှင့်သက် ဆိုင်စေရမည်။ ကော်လိတ်တော်အရာရှိ ကမိမိလိုအပ်သည် ဟုထင်မြင်သည့် အလျောက် စစ်ဆေးစုံစမ်း ပြီးနောက်၊ လျှောက်လွှာကို ၎င်း၏အကြံပေး ချက်များနှင့်အတူ၊ ဆိုင်ရာမှတဆင့် ဘုရင်ခံမင်းကြီးထံ တင်သွင်းရမည်။ ဘုရင်ခံမင်းကြီးက လျှောက်လွှာကို ပယ်ချခြင်း၊ သို့မဟုတ် ၎င်းသင့်သည်ဟု ထင်မြင်သဘော ရရှိသည့်အတိုင်း၊ ဤဥပဒေပါစည်းကမ်း ချက်များအရ ပြင်ဆင်၍စည်းကမ်းချက်များ သတ်မှတ်ပြီးလျှင် ထုတ်ပေးနိုင်သည်။

## မြေကွက်များကိုစွန့်လွှတ်မှု။

၈၃။ ။ မြေကွက်ပိုင်သူတဦးသည်၊ မြေကွတ်တစုံတရာရှိအထူးမှတ်တိုင် မှ၎င်း၏ စက်ဝိုင်း လိုက်ဆင်ကို ဖြုတ်ထားလျှင်၊ အဆိုပါစက်ဝိုင်းလိုက်ဆင် အစား၊ နည်းဥပဒေ ၈၁ အရလွှဲပေးခံရသူ၊ သို့မဟုတ် ခွဲဝေ ပေးခြင်းခံရသူ ၏ စက်ဝိုင်းလိုက်ဆင် ကိုကပ်ထားသည့်အချက်တွင် မှတပါး၊ ၎င်း၏မြေကွက်ကို စွန့် လွှတ်သည်ဟု မှတ်ယူလိမ့်မည်။

၈၄။ ။ (၁) မြေကွက်ပိုင်သူမည်သူမဆို၊ မြေကွက် တစုံတရာကို စွန့်လွှတ်လျှင်၊ သို့စွန့်လွှတ်သည် နှင့်တ ပြိုင်နက်၊ ကော်လိတ်တော်အရာရှိထံသို့ အကြောင်းကြားရမည်။ ထိုအခါ ကော်လိတ်တော်အရာရှိ ကမြေ ကွက်မှတ်ပုံတင်ထားခြင်း ကိုဖျက်သိမ်းရမည်။

(၂) မြေကွက်ကိုစွန့်လွှတ် ခြင်းမပြုသေးမီ၊ မြေကွက်ပိုင်သူသည်၊ ကော်လိတ်တော် အရာရှိ ကသော်ငှင်း၊ ထိုကိစ္စအတွက်ကော်လိတ်တော်အရာရှိ ကအခွင့်အာဏာပေးထားသည့် အခြားအရာရှိကသော်ငှင်း၊ ကျေ နပ်လောက်အောင် လူများ၊ သို့မဟုတ် ကျွဲ၊ နွား တိရစ္ဆာန်များအမှတ်မဲ့ဝင်ရောက်မိခြင်းမှအကာ အကွယ်ဖြစ်စေရန် တွင်းများ၊ ကျင်းများ နှင့်တူးဖေါ်ထားသည့် ချိုင့်များ အားလုံးကိုပြန်ဖို့ခြင်း၊ ကာရံခြင်း ၊သို့မဟုတ်

လုံခြုံအောင်ပြုလုပ်ပေးရမည်။ ထို့ပြင် အထူးထောင့်မှတ်တိုင် နှင့်အခြားထောင့်မှတ်တိုင်အား လုံးတို့ကိုဖယ်ရှားရမည်။ အကယ်၍ မြေကွက်ပိုင်သူသည်၊ ဤနည်းဥပဒေ တွင်ပါရှိသည့်စည်းကမ်းများ ကိုမလိုက်မနာပျက်ကွက်ခဲ့သော်၊ ကော်လိတ် တော်အရာရှိ က မြေကွက်အတွင်းလုပ်ခင်း ရှိရာ ကိုလုပ်စေ ၍၊စရိတ် ကိုမြေကွက်ပိုင်သူ ကစိုက်ခံစေလိမ့်မည်။

## မြေကွက်ပိုင်ခွင့် ဖျက်သိမ်းခြင်း။

၈၅။ ။ စက်ဝိုင်းလိုက်ဆင်ကို ရုပ်သိမ်းသည့်အခါ တွင် သော်၎င်း၊ အခြားနည်းအတည်ဖြစ်ခြင်း မှရပ်စဲ သည့်အခါတွင်သော်၎င်း၊ ၎င်းစက်ဝိုင်းလိုက်ဆင်ပါအခွင့်အရေး အရမြေကွက်မှတ်ပုံတင် ထားခြင်းကို (ရှိလျှင်) ဖျက်သိမ်းစေမည်။ ကော်လိတ်တော် အရာရှိ ကမြေကွက် ပိုင်သူအားအဘယ်ကြောင့် မဖျက် မသိမ်းသင့်ကြောင်းကို အကြောင်းပြခွင့် သင့်လျော်စွာ ပေးပြီးနောက်၊ ယခုနည်းဥပဒေများကိုဖေါက်ဖျက် ကျူးလွန်မှုတစုံတရာအတွက်လည်း မြေကွက်မှတ်ပုံတင် ထားခြင်းကို ဖျက်သိမ်းနိုင်သည်။ သို့ရာတွင် စက်ဝိုင်းလိုက်ဆင် ကိုမူကားရုပ်သိမ်းခြင်းမပြုရ။

## မြေကွက်ကိုပြန်လည်သိမ်းယူမှု။

၈၆။ ။ ယခုနည်းဥပဒေများတွင် သတ်မှတ်ထားသည့် အခြားအခွင့်အာဏာတစုံ တရာကိုမထိခိုက်စေဘဲ၊ ဘုရင်ခံမင်းကြီးသည်၊ မြေကွက်ပိုင်သူအား နို့တစ်ပေးပြီးနောက်၊ မည်သည့် အချိန်တွင်မဆို ၎င်းကတော်သင့် သည်ဟု သဘောရရှိသည့်အတိုင်း လျော်ကြေးပေး၍ မြေကွက် တစုံတရာ ကိုပြည်သူ့ ကိစ္စတစုံတရာအ တွက် ပြန်လည်သိမ်းယူနိုင်သည်။ ထိုသို့ သိမ်းယူသည့်အခါ မြေကွက်မှတ်ပုံတင် ခြင်းကိုဖျက်သိမ်းစေ ရမည်။

## မြေကွက်ပိုင်ခွင့် ကိုဖျက်သိမ်းပြီးနောက်စီမံချထားနိုင်ခွင့်။

၈၇။ ။ မြေကွက်မှတ်ပုံတင်ခြင်း ကိုဖျက်သိမ်းပြီးသည့် အခါ၊ ထိုမြေကွက်အတွင်း ပါဝင်သည့် မြေဧရိယာ ကို (နည်းဥပဒေ ၆၈ အရ၊ နိုင်ငံကိစ္စတစုံတရာ အတွက်မြေကွက် ကိုပြန်လည်သိမ်းယူမှု မှတပါး) ၊နောက်ဆုံးမြေကွက် ပိုင်သူမှတပါး၊ အခြားမည်သူမဆို ဤနည်းဥပဒေ များနှင့်အညီ မြေကွက်ရိုက်ရန် ရရှိနိုင်သည်ဟုမှတ်ယူရမည်။

၈၈။ ။ စက်ဝိုင်းလိုက်ဆင်၊ မြေကွက်၊ မြေကွက်နှင့်ပတ်သက်သည့်ကိစ္စ၊ သို့မဟုတ်အရာဝတ္ထု၊ မြေကွက် တွင်ရှိသည့်၊ သို့မဟုတ် ၎င်းမှထွက်သည့် သတ္တုလုပ်ကိုင်မှု၊ မလုပ်ကိုင်မှု၊ ယခုအပိုင်းအရ ပေးဆောင်ရ မည့်ငွေဒဏ်၊ သို့မဟုတ် အကောက်တော်နှင့်စပ် လျဉ်း၍ ငြင်းခုံမှုတစုံတရာရှိသော်၊ ကော်လိတ်တော် အရာရှိကနည်းဥပဒေ ၃ တွင် ပါရှိသည့် စည်းကမ်းချက်များကိုနာခံ၍၊ ငြင်းခုံမှုဖြစ်သည့် ကိစ္စကိုဆုံးဖြတ် ရမည်။

၈၉ မှ ၁၀၀ အထိ မရှိ။

## အပိုင်း ၆။ ။ အထွေထွေ။

## အဖြုန်းများနှင့် ရေသုံးမှု။

၁၀၁။ ။ (၁) လိုက်ဆင်ရသူ၊ သို့မဟုတ် ဂရန်ရသူသည်၊ အဖြုန်းများကို ၎င်း၏သတ္တုတွင်းမြေကွက် ပေါ်ရှိ၊ သို့မဟုတ် သတ္တုတွင်း မြေကွက် နှင့်စပ်လျက်ရှိသောရေကြောင်း၌သော်၎င်း၊ ချောင်းတွင်း၌ သော် ၎င်းသွန်ချနိုင်သည်။ သို့ရာတွင်၊ ကောလိတ်တော်အရာရှိ ကစာဖြင့်ရေးသား အမိန့်ထုတ်၍ သတ္တုတွင်းအများကိုသော်၎င်း၊ သတ္တုတွင်းတစုံတရာကို သီးခြား၍သော်၎င်း၊ ရေကြောင်းတစုံတရာတွင်ဖြစ်စေ၊ ချောင်းတစုံတရာ တွင်ဖြစ်စေ၊

ရေကြောင်းချောင်းတနေနေရာတွင်ဖြစ်စေ၊ အဖြုန်းများမသွန် မချစေရန် တားမြစ်နိုင်သည်။ သို့မဟုတ် ထိုသို့ သွန်ချခွင့်အတွက် ၎င်းကသင့်လျော်သည်ဟု သဘောရရှိသည့်အတိုင်း၊ စည်းကမ်း သတ်မှတ်ပေးနိုင်သည်။

(၂) ကော်လိတ်တော် အရာရှိက မည်သည့်သတ္တုတွင်းမှမဆို အဖြုန်းများကိုစွန့်ပစ်ရေး အတွက် စာဖြင့် ရေးသားအမိန့်ထုတ်၍ စည်းကမ်းသတ်မှတ် ပေးနိုင်သည်။ သို့ရာတွင် လုပ်ကိုင်နိုင်လောက်အောင် သတ္တုမရှိဟုကော်လိတ်တော် အရာရှိကကျေနပ်လောက်အောင်၊ မြောင်းဖေါ်နည်း၊ ကျင်းတူးနည်း၊ ပြွန်တွင်း ချနည်းတို့ဖြင့် တင်ရင်စုံစမ်းခြင်းမပြုသေးသော မြေပေါ်တွင် အဖြုန်းများကိုစွန့်ပစ်ခြင်း မပြုစေရ။

၁၀၂။ ။ ထားဝယ် နှင့်မြိတ်စီရင်စုများတွင်၊သတ္တုတွင်းလုပ်ကိုင်ရေး အတွက် အများပြည်သူ ဆိုင်ရာရေများ အသုံးပြုမှုမှာ၊ နည်းဥပဒေ ၇၇ နှင့်သတ္တုရှာဖွေမှုလိုက်ဆင်သတ္တုတွင်း ဂရန်တို့နှင့် သက် ဆိုင် သောစာချုပ်များကခွင့်ပြုထားသလောက်မှ တပါး၊ ရေအားအက်ဥပဒေအရ ပိုင်းခြားပြုလုပ်သည့် မြန်မာနိုင်ငံတော် ရေအင်အား (သတ္တု တွင်းလုပ်ကိုင်မှု) နည်းဥပဒေများကို လိုက်နာရမည်။ စက်အား ရရှိရန် အများပြည်သူဆိုင်ရာရေများ အသုံးပြုမှုမှာ၊ အဆိုပါအက်ဥပဒေအရပိုင်းခြားပြုလုပ်သည်။ မြန်မာနိုင်ငံ တော်ရေအင်အား (စက်အားထုတ်ယူမှု) နည်းဥပဒေများတွင် သတ်မှတ်သောစည်းကမ်းများ ကိုလိုက်နာရမည်။

**ဝင်လမ်းပေးမှု။**

၁၀၃။ ။ လိုက်ဆင်ရသူ၊ သို့မဟုတ် ဂရန်ရသူအသီးသီးတို့သည်၊ ၎င်းတို့အသီးသီး ပိုင်မြေအတွင်း၊ သို့မဟုတ် နံစပ်၊ သို့မဟုတ် ၎င်းတို့ပိုင်မြေမှ ဖြတ်သန်းသွားရောက် ရသည့် မြေတစုံတရာ ၏လက်ရှိ၊ သို့မဟုတ် ရရှိလတ္တံ့သော လိုက်ဆင်ရသူ၊ ဂရန်ရသူ၊ နေထိုင်သူများနှင့် တကွ ၎င်းတို့၏ကိုယ်စားလှယ် များ အလုပ်သမားများ ကိုသင့်လျော်စွာ ဝင်လမ်းပေးရမည်။

**သစ်တောကြိုးဝိုင်း များအတွင်း၌လုပ်ကိုင်မှု။**

၁၀၄။ ။ယခုနည်းဥပဒေ များတွင်ပါရှိ သည့် အာဏာအရ၊ သစ်တောကြိုးဝိုင်းတစုံတရာ အတွင်းလုပ်ကိုင်မှု အားလုံးတို့မှာ၊ ဘုရင်ခံမင်းကြီး ကအများဆိုင်ရာ အမိန့်ဖြင့် သော်၎င်း၊ အထူးသတ်မှတ်သည့် အမိန့်ဖြင့် သော်၎င်း၊ ရံဖန်ရံခါ သတ်မှတ်သည့်စည်းကမ်းချက်များကို လိုက်နာစေရမည်။ ဤနည်းဥပဒေများအရ ထုတ်ပေး၍၊ သစ်တောကြိုးဝိုင်းနှင့်သက်ဆိုင်သည့် လိုက်ဆင်နှင့် ဂရန်ဟူသမျှ တို့မှာ၊ သစ်တောကြိုးဝိုင်း အတွင်းသတ္တုရှာဖွေခြင်း၊ သို့မဟုတ် သတ္တုတူးဖေါ်လုပ်ကိုင်ခြင်းကို စ၍ မလုပ်မကိုင်သေးမီ စ၍လုပ်ကိုင် လိုကြောင်းကိုဒီဗီဇနယ်သစ်တော အရာရှိ ထံသို့ ရက်ပေါင်း ၃၀ တင်ရင်နို့တစ် ပေးမည်ဟူ၍၎င်း၊ လုပ် ကိုင်မှုများမှာ မီးအသုံးပြုရေးနှင့် ပတ်သတ်၍ ဒီဗီဇနယ်သစ်တောအရာရှိ ကသတ်မှတ်သောစည်း ကမ်းချက်များ ကိုလိုက်နာရမည်ဟူ၍ ၎င်းပါရှိစေရမည်။ ဤနည်းဥပဒေသည် မြေကွက်များနှင့် လည်း သက်ဆိုင်သည်။

၁၀၅။ ။ သစ်တောကြိုးဝိုင်းအစိတ်အပိုင်းတစုံတရာ ပါဝင်၍၊ သတ္တုတွင်းတူးဖေါ် လုပ်ကိုင်ရေးကိစ္စ များအတွက်သစ်များခုတ်လှဲရန် ဂရန် ပိုင်သူ အားအခွင့်အရေး ပေးသည့် သတ္တုတွင်းဂရန် အသီးသီးတို့မှာ၊ မည်သည့်အကွက်အတွင်း ခုတ်လှဲရမည်၊မည်မျှ အထိခုတ်လှဲရမည်၊ အဆိုပါအခွင့်အရေး ကိုမည်သည့် စည်းကမ်းချက်များနှင့် ရွက်ဆောင်ပြု လုပ်ရမည် ဟုသီးခြားပါရှိစေရမည်။

**ပို့ဆောင်မှုလက်မှတ်များ။**



Myanmar Law Information System (MLIS)

၁၀၆။ ။ ထားဝယ်နှင့်မြိတ် စီရင် စုတို့တွင်လိုက်ဆင်ရသူ၊ သို့မဟုတ် ဂရန်ရသူသည် ဘဏ္ဍာတော်မင်းကြီး ၏ညွှန်ကြားသောစည်းကမ်းချက်များအရ၊ သတ်မှတ်သောပုံစံ ဖြင့် ထုတ်ပေးသော ပို့ဆောင်မှုလက်မှတ် မပါမရှိဘဲ၊ သံဖြူကိုဖြစ်စေ၊ ဝူး(လ်) ဖရန်ခေါ်အဖြိုက်နက် ကိုဖြစ်စေ၊ ၎င်းပိုင်မြေကွက် မှအပြင်သို့ ထုတ် ယူသွားခွင့်မပြုရ။

**မှတ်တမ်းများ၊ အကြောင်းအရာများ နှင့် စစ်ဆေးကြည့်ရှုမှု။**

၁၀၇။ ။ ဂရန်ရသူနှင့် လိုက်ဆင်ရသူအသီးသီး တို့သည်၊ ဘဏ္ဍာတော်မင်းကြီး ၏ ညွှန်ကြားချက်အ တိုင်း၊ ငွေစာရင်းများ၊ ပုံစံများနှင့် အခြားမှတ်တမ်းများထားရှိရမည်။

၁၀၈။ ။ ဂရန်ရသူနှင့် လိုက်ဆင်ရသူအသီးသီးတို့သည်၊ ဘဏ္ဍာတော်မင်းကြီး ညွှန်ကြားသည့် ပုံစံဖြင့်၊ ညွှန်ကြားသည့်အချိန်တွင်၊ ညွှန်ကြားသည့် အရာရှိထံသို့၊ ၎င်း၏ဂရန်၊ လိုက်ဆင်၊ သို့မဟုတ် မြေကွက် နှင့်ဆိုင်သော ဧရိယာ၊ အဆိုပါ ဧရိယာ တွင်ခိုင်းစေသည့် လုပ်သားများနှင့် တူးဖော်ရရှိထုတ်ယူသွား သည့်သတ္တုများ အ ကြောင်းအရာနှင့် စာရင်းအင်းများ ကိုအခမဲ့ ပေးရမည်။

၁၀၉။ ။ ဘဏ္ဍာတော်မင်းကြီး၊ ခရိုင်ဝန်ရှင်တော်မင်းကြီး၊ကော်လိတ်တော် အရာရှိစီရင်စု နယ်ဆရာဝန်ကြီး၊ သတ္တုတွင်းစစ်ဆေး ရေးဝန်နှင့်အဆိုပါ အရာရှိတဦးဦး ကဤကိစ္စအတွက် အခွင့်အာဏာ ပေးသည့် မည်သည့်အရာရှိမဆို၊ သတ္တုတွင်းဂရန်၊သတ္တုရှာဖွေမှု လိုက်ဆင်၊ သို့မဟုတ် မြေကွက် တစုံတရာ နှင့်သက်ဆိုင် သောမည်သည့် ဧရိယာအတွင်းသို့ မဆိုစစ်ဆေးကြည့်ရှုရန် ကိစ္စအတွက် ဝင်ရောက်၍ ဂရန်ရသူ၊ သို့မဟုတ် လိုက်ဆင်ရသူက ထားရှိရမည် ဖြစ်သော ငွေစာရင်း များ၊ပုံစံများနှင့် အခြားမှတ် တမ်းများကိုစစ်ဆေးကြည့်ရှုနိုင်သည်။

၁၁၀။ ။ သတ္တုရှာဖွေခွင့်လိုက်ဆင် နှင့်သတ္တုတွင်းဂရန်များအတွက် လျှောက်လွှာမှတ်ပုံတင်စာ ရင်းများ နှင့်မြေကွက်မှတ်ပုံတင်စာရင်းများကို ကော်လိတ်တော်အရာရှိ၏ရုံးတွင်၊ ဘဏ္ဍာတော်မင်းကြီး ညွှန်ကြား သည့်ပုံစံတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးမှတ် ထားရှိရမည်။ တည်ဆဲသတ္တု ရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်ရရှိထားသူ၊ သို့မဟုတ် တည်ဆဲစက်ဝိုင်းလိုက်ဆင်ရရှိထားသူ၊ သို့မဟုတ် ၎င်းကစည်းကမ်း တကျအခွင့်အာဏာ ပေးအပ်ထားသူ တစုံတယောက်က၊ ဘုရင်ခံမင်းကြီး သတ်မှတ်သည့် အခကိုပေး၍ မှတ်ပုံစာအုပ်များ ကိုစစ်ဆေး ကြည့်ရှုလိုက ကြည့်ရှုနိုင်စေရမည်။

၁၁၁။ ။ ကော်လိတ်တော် အရာရှိသည်၊ ပိုင်ရှင်တို့ လက်တွင်ရှိပြီး ဖြစ်သော၊ သို့မဟုတ် ထုတ်ပေးသော သတ္တုတွင်းဂရန်များ၊ သတ္တုရှာဖွေခွင့်လိုက်ဆင် များ၊ စက်ဝိုင်းလိုက်ဆင် များနှင့်မှတ်ပုံတင်သည့် မြေ ကွက်များကို စာရင်းအစီရင်ခံစာ ပြုလုပ်ပြီး လျှင်၊ ဘဏ္ဍာတော်မင်းကြီး ညွှန်ကြားသည့် အချိန်များတွင်၊ ညွှန်ကြားသည့် အာဏာပိုင်များထံ တင်သွင်းရမည်။

**ယှဉ်ပြိုင် လျှောက်ထားသူများရှိ လျှင်ဖြစ်စေ၊ သတ္တုရှာဖွေလုပ်ကိုင်ခွင့်ကိုဖျက်သိမ်း သည့်နောက်တွင် ဖြစ် စေ၊ ရှာဖွေလုပ်ကိုင်ခွင့် ကိုနေရာချထားမှု။**

၁၁၂။ ။မြေတကွက် တည်းနှင့် ပတ်သက်၍ သတ္တုရှာဖွေ ခွင့်လိုက်ဆင်ရရန်လျှောက်သူနှစ်ဦး သော်၎င်း၊ နှစ်ဦး ထက်ပို၍ သော်၎င်းရှိလျှင်လိုက်ဆင်ကို-

ထိုပြင်မြေတကွက်တည်းနှင့် ပတ်သက်၍၊ ထိုမြေအတွက် သတ္တုရှာဖွေခွင့် လိုက်ဆင်လည်း မရသေး၊ လျှောက်ထားခြင်း လည်း မရှိသေးသူနှစ် ဦးကသော်၎င်း၊နှစ် ဦးထက်ပို၍သော်၎င်း၊ သတ္တုတွင်းဂရန် ရရန် လျှောက်ထား လျှင်ဂရန်ကို-

Myanmar Law Information System (MLIS)

မည်သည့် အမှုတစုံ တရာတွင်မဆို၊ ဘုရင်ခံမင်းကြီးထုတ်ဆင့် တော်မူသော အမိန့်ကိုနာခံ

လျက်၊သတ္တုရှာဖွေမှုလျှောက်ပိုင်ခွင့် လက်မှတ်ရရှိထား ပြီးသူဖြစ်လျက်၊ နည်း ဥပဒေ များက သတ်မှတ် သည့် စည်းကမ်းများကို လိုက်နာပြီးလျှင်၊ကော်လိတ်တော် အရာရှိထံသို့ပဌမ အဦးဆုံးလျှောက်လွှာ တင်သွင်း သူကရရှိခွင့်ရှိစေရမည်။

၁၁၃။ ။ မြေတကွက်တည်းနှင့် ပတ်သက်၍ သတ္တု ရှာဖွေခွင့် လိုက်ဆင် ရရန်လျှောက်လွှာ တစောင်ကိုသော်၎င်း၊ လျှောက်လွှာအများကိုသော်၎င်း၊သတ္တုတွင်းဂရန်ရရန် လျှောက်လွှာတစောင်ကို သော်၎င်း၊ လျှောက်လွှာအများကိုသော်၎င်း ရရှိသည့်ပြင်၊ သတ္တုတွင်းဂရန်ရရန် လျှောက်ထား သူ၊ သို့မဟုတ် လျှောက်ထားသူများမှာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ သတ္တုရှာဖွေခွင့် လိုက်ဆင်မရှိသူ များဖြစ်လျှင်၊ လိုက်ဆင်ကို သော်၎င်း၊ ဂရန်ကိုသော်၎င်း၊ မည်သည့် အမှုတစုံတရာတွင် မဆို၊ ဘုရင်ခံ မင်းကြီး ထုတ်ဆင့်တော်မူသော အမိန့်ကိုနာခံလျက်၊ သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့်လက်မှတ် ရရှိထားပြီး သူဖြစ်လျက်၊နည်းဥပဒေ များကသတ်မှတ်သည့် စည်းကမ်းများကို လိုက်နာပြီးလျှင် ကော်လိတ်တော် အရာရှိ ထံသို့ပဌမအဦးဆုံးလျှောက်လွှာတင်သွင်း သူကရခွင့်ရှိစေရမည်။ သို့ရာတွင် သတ္တုရှာဖွေ လုပ်ကိုင်ခွင့်ကို ဂရန်အတွက် လျှောက်ထားသူက ရှေးဦးရခွင့် ရထိုက်ရှိသည် ဟုဆုံး ဖြတ်လျှင်၊ ဘုရင်ခံမင်းကြီး ကငင်းအားဂရန်အစား လိုက်ဆင်ကိုထုတ်ပေးနိုင်သည်။

၁၁၄။ ။ သတ္တုရှာ ဖွေခွင့် လိုက်ဆင်ကိုဖြစ်စေ၊ သတ္တုတွင်း ဂရန်ကိုဖြစ်စေ၊ ဖျက်သိမ်းသည့်အခါ၊ ဘုရင်ခံ မင်းကြီး ကဤနည်းဥပဒေများ၌ အထက်က မည်သို့ပင်ပါရှိစေကာမူ၊ မူလလိုက်ဆင်တွင်သော်၎င်း၊ ဂရန် တွင်သော်၎င်းပါရှိသည့် မြေတကွက်လုံးအတွက်သော်၎င်း၊ တစိတ်တပိုင်း အတွက်သော်၎င်း၊ သတ္တုရှာဖွေ မှု လိုက်ဆင်၊ သို့မဟုတ် သတ္တုတွင်းတူးဖေါ်ရန် ဂရန်အသစ်အဖြစ် ဖြင့်ထုတ်ပေး၍ ၊အဆိုပါ လုပ်ကိုင်ခွင့်ကိုလေလံချ၍ ဖြစ်စေ၊ တသီးပုဂ္ဂလစေ့စပ်၍ဖြစ်စေ၊ သို့မဟုတ် ဘုရင်ခံ မင်းကြီးက သင့်သည်ဟုသဘောရသည့် အခြားတနည်းနည်း နှင့်ဖြစ်စေ၊ ရောင်းချနိုင်သည်။

သို့ရာတွင် -

(၁) လုပ်ကိုင်ခွင့်ကို သတ္တုတွင်းရှာဖွေမှုလျှောက်ပိုင်ခွင့် ရရှိထားသူအားသာလျှင် ရောင်းချရမည်။

(၂) လက်ဦး ကြေးတရပ်ပေးဆောင်ရခြင်း မှတပါး၊ ရောင်းချမှု စည်းကမ်းများမှာ၊ သတ္တုရှာဖွေ မှုလိုက် ဆင်နှင့်ပတ်သက်လျှင်နည်းဥပဒေ ၃၁ မှ ၃၅ အထိ၊ ၁၀၁ ၊၁၀၃ ၊ ၁၀၄ ၊ ၁၀၆ မှ ၁၀၉ အထိ တို့တွင် ပါရှိ သည့် စည်းကမ်းများနှင့် ညီညွတ်စေရမည်ဖြစ်၍၊ သတ္တုတွင်းတူးဖေါ်ရန်ဂရန် နှင့်ပတ်သက်လျှင် နည်းဥပဒေ ၄၄ မှ ၅၂ အထိ၊ ၁၀၁၊ ၁၀၃မှ ၁၀၉ အထိတို့တွင်ပါရှိ သည့် စည်းကမ်းများနှင့် ညီညွတ် စေရ မည်။

၁၁၅။ ။ မြေရာတကွက်တည်း၌၊ မြေကွက်များ သတ်မှတ်ခြင်းကို မှတ်ပုံတင်ရန် အတွက်နှစ်ဦး ကဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ၊ လျှောက်ထားလျှင် မြေကွက် ကို၊မည်သည့် အမှုတစုံတရာတွင်မဆို၊ ဘုရင်ခံ မင်းကြီး ထုတ်ဆင့်တော်မူသော အမိန့်ကိုနာခံလျက်၊ တည်ဆဲစက်ဝိုင်း လိုက်ဆင် ရရှိထားပြီးသူ ဖြစ်လျက်၊ နည်းဥပဒေများက သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာပြီးလျှင်၊ ကော်လိတ် တော်အရာရှိ ထံသို့ ပဌမ အဦးဆုံးလျှောက်လွှာတင် သွင်းသူကရခွင့်ရှိစေရမည်။

၁၁၆။ ။ နည်းဥပဒေ ၁၁၂၊ ၁၁၃ နှင့် ၁၁၅ တို့တွင် ဖော်ပြထားသည့်လျှောက်လွှာမျိုး တစုံတရာ ကိုကော် လိတ်တော်အရာရှိ က ပယ်ချပြီးနောက်၊ အယူခံ ချက်အရ သော်၎င်း၊ ပြန်လည်စစ်ဆေး ချက်အရသော် ၎င်း၊ ပြန်၍ လက်ခံသည့် အခါ၌၎င်းကို လက်ဦးအခွင့်အရေး ရခွင့်ကိစ္စများအတွက် နည်းဥပဒေ ၈ အရ၊ ၎င်းလျှောက်လွှာပေါ်တွင် မူလမှတ်သားထားသည့် နေ့ရက်တွင်တင်သွင်းသည် ဟုမှတ်ယူလိမ့်မည်။

၁၁၇။ ။နည်းဥပဒေ ၈၂ အရ လျှောက်ထားချက်မှ တပါး၊ နည်းဥပဒေ ၆၁ (၂) အရသီးသန့်သတ်မှတ် ထားသည့် သတ္တုတွင်းမြေတစုံတရာမှ မြေကွက်တစုံတရာ ကိုထုတ်ပယ်သည့်အခါ၊ ဘုရင်ခံမင်းကြီးက၊ ရှေးဦးစွာထုတ်ပယ် စေအမိန့် ချမှတ်သည့်မြေတွင် သတ္တုမည်မျှရှိ သည်ဟုကော်လိတ်တော်အရာရှိ ထံအ ကြောင်းကြားသူအား၊ နည်းဥပဒေ ၁၆ တွင်ပါရှိသည့် စည်းကမ်းများအရ၊ သတ္တုရှာဖွေခွင့် လိုက်ဆင်ရ ခွင့်ကိုသော်၎င်း၊ သတ္တုတွင်းဂရန်ရခွင့် ကိုသော်၎င်းပေးနိုင်သည်။ အကယ်၍ အဆိုပါလူမျိုးမရှိ လျှင်သော်၎င်း၊ ထိုသူကိုမြေ တကွက်လုံးအတွက် လုပ်ပိုင်ခွင့်မပေးလျှင် သော်၎င်း၊ မည်သည့် အမှုတစုံ တရာတွင်မဆို၊ ဘုရင်ခံမင်းကြီး ထုတ်ဆင့်တော်မူသော အမိန့်ကိုနာခံ လျက်၊ ရနိုင် သည့်မြေအတွက် လုပ်ပိုင်ခွင့်ကိုသော်၎င်း၊ လုပ်ပိုင်ခွင့်များကိုသော်၎င်း၊ နည်းဥပဒေ ၁၁၄ က သတ်မှတ်သည့် နည်းအတိုင်း စီမံခန့်ခွဲရမည်။

အမိန့်အရ၊

ကျော်ဒင်၊

မြန်မာနိုင်ငံတော်အစိုးရမင်းတို့အတွင်းဝန်၊

စက်မှုလက်မှုနှင့် အလုပ်သမားဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 မြေငှါးခနှင့် အကောက်တော်များ။စာရင်း (က) ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 စာရင်း (ခ)။အကောက်တော်လွတ်အများဆုံး ရွှေ့ပြောင်းသယ်ယူသွားနိုင် သည့်အခြင်အတွယ်များ။နည်းဥပဒေ ၃၄ (၃) ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 စာရင်း (ဂ)။အနည်းဆုံးပုံသေ မြေငှါးခနည်း ဥပဒေ ၅၁ (၂) ။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 စာရင်း (ဃ) ။မြေမျက်နှာ ပြင်ငှါးခ-နည်းဥပဒေ ၅၁ (၃)။

Myanmar Law Information System (MLIS)